WWW.DHAMMARANSI.COM

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ

ကျေးဇူးရှင်

## သဲအင်းဂူဆရာတော်ဘုရားကြီး

ကိုယ်တိုင်ဟောကြားတော်မူသော

# ခန္ဓာကိုယ်တွေ့ ဝိပဿနာ

# ကျင့်စဉ်တရား နိဗ္ဗာန်ဝင်ခန်း

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ

ကျေးဇူးရှင်

သဲအင်းဂူဆရာတော်ဘုရားကြီး

ကိုယ်တိုင်ဟောကြားတော်မူသော

# ခန္ဓာကိုယ်တွေ့ ဝိပဿနာ

# ကျင့်စဉ်တရား နိဗ္ဗာန်ဝင်ခန်း

WWW.DHAMMARANSI.COM

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၉၃၁)

ပထမအကြိမ်၊ ၁၉၆၉ ခု၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀၀။

ဒုတိယအကြိမ်၊ ၁၉၇၀–ခု၊ ဧပြီလ အုပ်ရေ ၅၀၀၀၊

ထုတ်ဝေသူ။ ။ဦးဩဘာ (ကင်းလွတ်ခွင့် ၀၁၁၈၁)
မိုဃ်းကောင်းဘုရား ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ
နိဗ္ဗာန်ဆော်ဝတ်အသင်း အကျိုးတော်ဆောင်
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။မောင်သန်းဦး (၀၇၃၂–မြ)
မိဘမေတ္တာ ရွှေတံဆိပ်ပုံနှိပ်တိုက်၊
၂၇၊ ဗဟန်းလမ်းမကြီး၊ ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

# အမှာစာ နိဒါန်း။

ကျွန်တော်များ မိုယ်းကောင်းအရိယာဓမ္မာရုံကြီးတွင် ဆရာတော် ဘုရားကြီး၏ စတင်ပွင့်ပေါ်လာကတည်းက တရားများ မြောက်မြားစွာကို ယနေ့အထိ သာသနာတော်အတွက် ဝေနေယျ အများ ကျွတ်တန်းဝင်ရန် ရည်သန်ပြီး စုဆောင်းထားပါသော် လည်း မည်သည့် တရားစာအုပ်ကိုမျှ ပုံနှိပ်ရိုက်ဝေ၍ ဓမ္မဒါန လှူဒါန်းခြင်း လုံးဝမပြုခဲ့ပေ။

ယခု အခါတွင် ဆရာတော် ဘုရားကြီး၏ သာသနာ သည် မှန်ကန်လျှင် အောက်ကိုမစုံ အထက်ကိုဆန်သည့် ထုံးတမ်း စဉ် လာအတိုင်း ဘာနေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားလာပြီး နယ် အရပ်ရပ်ရှိ ယောဂီ များသည် ဆရာတော် ဘုရား ကြီး၏ အမြဲတစေ ဟောကြားတော်မူအပ်သော တရားတော်များအား နာကြားမှတ်ယူကျင့်သုံးရန် ပြင်းပြသော ဆန္ဒဖြင့် လာရောက် တောင်းပန်ကြသဖြင့် ယောဂီအများ၏ ဆန္ဒလည်း ပြည့်ဝစေ၊ ဆရာတော်ဘုရား၏ ဟောကြားတော်မူအပ်သော တရားတော် များကိုမနာကြားဘူးကြသေးသောခြေတော်ရင်းသို့မလာရောက် နိုင်သည့် ဝေနေယျ ယောဂီများ ဖတ်ရှု နာကြား ကြရခြင်းဖြင့် ကျွတ်တမ်းဝင် တရားထူးရကြစေရန် ရည်သန်၍ မှန်မြတ်သော စေတနာအပြည့်အဝဖြင့်၍ **ခန္ဓာကိုယ်တွေ့ဝိပဿနာကျင့် စဉ်တရား နိဗ္ဗာန်ဝင်ခန်း**ကို ဒုတိယအကြိမ် ဓမ္မဒါနအဖြစ် ဖြင့် ယောဂီများအား လှူဒါန်းထုတ်ဝေအပ်ပါကြောင်း။

ယင်းတရားတော်များကိုဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ၁၃၃၀ ခုနှစ်၊ ဝါတွင်းကာလ၌ ဟောကြားထားသော **တရား**ကြိုးခွေများမှ **တိုက်**ရိုက်ကူးယူပြီး မူရင်းပကတိ အသံထွက်အတိုင်း ရေးသားထားပါသဖြင့် မိမိကိုယ်တိုင် **နာယူရဘိ**သကဲ့သို့ နှလုံးသွင်း အာရုံပြုပြီး ဖတ်ရှုလေ့လာ အားထုတ်ပါက တထိုင်တည်းဖြင့် တရားထူးရနိုင်ကြောင်း မှန်မြတ်သောစေတနာဖြင့် တင်ပြအပ်ပါသည်။

(ပုံ) ဩဘာ

**ဓမ္မဒါန**ပြုလိုသော **ယော**ဂီ
များ **ဆက်**သွယ်ပါက
သာသ**နာ**ကြီး၏ အကျိုး
**အတွက်** ကူညီ**ရန်**အသင့်
**ရှိ**ပါကြောင်း။

နိဗ္ဗာန်**ဆော်**အကျိုးတော်**ဆောင်**
အရိယာဓမ္မာရုံကြီး
မိုဃ်းကောင်းဘုရား
ရန်ကင်းစာတိုက်
ရန်ကုန်မြို့။
ဖုံး–၅၁၁၉၈

WWW.DHAMMARANSI.COM

ဒကာကြီးရေ၊ တရားကြိုးစွဲထဲက ယောဂီကနေပြီး တရားတောင်းတယ် တကာကြီးရဲ့၊ အဟုတ်အမှန် ရုပ်နာမ်သဘာဝကို တရားတောင်းတဲ့ ပုဂ္ဂိုလ်က ပညတ်ဘဲတောင်းတာဘဲ၊ ရုပ်နာမ် ဆိုတာ ပညတ်လား ပရမတ်လား၊ ရုပ်နာမ် သဘာဝဆိုတာ ပညတ်လား၊ ပရမတ်လား၊ သိရမှာကတော့ ရုပ်သဘော တရားလေး ပြောလိုက်ရင် ပညတ်ဘဲ။ အဲဒီတော့ပြောလိုက်ရင် ပညတ်ဖြစ်တော့ ပညတ်ပြောမှသာလျှင် ပရမတ်ပေါက်မယ်။ ပရမတ် ပြောပါဆိုလျှင် ဘယ်လိုလုပ် ပြောမလဲ။ အဲဒီတော့ ပညတ်ပြောမှသာလျှင် ပရမတ်သဘောပေါက်တယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲဘဲ။ ပညတ်နှင့် ပရမတ်(၂)ခုစပ်ပြီးတော့ စကားဟာ ပြောသွားတယ်။

ယောဂီပုဂ္ဂိုလ် ပရိသတ် သတ္တဝါတွေ သိကြအောင် ဆိုပြီးတော့ ပညတ်နှင့်ပရမတ် (၂)ခု စပ်စပ်ပြီးတော့ သဘောပြောသွားတယ်။ အဲဒီတော့ ဘုရားဟောလိုက်တာကတော့ သူ့တရားက အဲ့ကုန်လုံး အမှန်ကြီးဘဲ။ အဲဒီတော့ အယူအဆ လေးတွေက နန့်နဲတော့ ကွာတယ်။ အယူအဆလေးတွေက ကွာပြန်တော့လဲ ဒကာကြီးရယ်၊ ဒကာကြီးတို့ ဦးပဥ္စင်းတို့ဟာ သမထဝိပဿနာ ဝိပဿနာယာနိက၊ သမထယာနိက၊ ဒါတွေကိုမကွဲဘူး ဒကာကြီးရဲ့၊

WWW.DHAMMARANSI.COM

အတိတ်ကာလတုံးက မကွဲဘူး။ အခုအခါ သာသနာကြီး ပိုလာတဲ့ အချိန်အခါမှာ သမထနှင့် ဝိပဿနာဟာလဲ ကွဲဘို့ အင်မတန် ခဲယဉ်းတယ်။ လုပ်ယူမှ ခန္ဓာရှာမှ သဘာဝ တွေ့လာတဲ့ အချိန်အခါကျတော့ သိကောင်းတဲ့တရား ခန္ဓာကမှ မရှာလို့ရှိရင် အပြင်ဘက် ရှာနေလို့ကတော့ သိမလား။ သဘာဝ သဘောတရားဆိုတာ ဒါပါဘဲ။ သဘာဝသဘောဆိုတာ ဒါဘဲ သူ့သဘော သူ့အသီးသီး ဆောင်နေတဲ့ရုပ်ဓမ္မ၊နာမ်ဓမ္မလို့ ဘုရား ကဟောတယ်။ အဲဒီတော့ ဝိပဿနာယာနိက၊ သမထယာနိက၊ ဘချို့ကတော့ ရှုတဲ့ဥစ္စာဟာ ဘာကိုရှုသလဲဆိုတော့ များသော အားဖြင့် ဒကာကြီးရေ အပြောကတော့ ပရမတ်ပြောတယ်။ လုပ်တဲ့အချိန်အခါကျတော့ ပညတ်ကြီး။

အဲဒီတော့ ဘုရားကဟောထားတာက ဘယ်လိုဟောထားသလဲ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်တဲ့၊ ကာလသုံးပါးရှိတယ်မဟုတ်လား။ အတိတ်ဆိုတာလဲ မရှိတော့ဘူး ပျက်သွားပြီ။ နောက်ထပ် အသစ် တဖန် မဖြစ်တော့ဘူး။ မရောက်သေးသော အနာဂတ်စိတ်ကိုလဲ မမျှော်နဲ့ မင်းမရောက်သေးဘူး။ ပစ္စုပ္ပန်ကို သဘောတရားလေး ပစ္စုပ္ပန်သာ ဘုရားကဟောတယ်။ အတိတ်တွေ အနာဂတ်တွေ မဟောဘူး။ အဲဒီတော့ အတိတ် အနာဂတ် ဟောတဲ့ ကာလ (၃)ပါး ဟောပြန်တော့လဲ ပဋိစ္စသမုပ္ပါဒ်ဟောတယ်။ ဝိပဿနာ သက်သက်ဟောတော့ ဘာဟောလဲ ပစ္စုပ္ပန် သဘော တရားဘဲ ဟောတယ်။

အတိတ်ကိုလဲ တွေးလိုက်မှာစိုးလို့ မရောက်သေးသော အနာဂတ်စိတ်ကို မျှော်လိုက်မှာစိုးလို့ မရှိတဲ့ တရားတွေကို ရှိတယ် ထင်လိုက်မှာစိုးလို့ ပစ္စုပ္ပန်ဘဲဟောတယ်။ အဲဒီတော့ ဦးပဉ္စင်းကလဲ

ရန်ကုန်မြို့ကြီး ဟောနေတဲ့ ဥစ္စာက လက်ဦးတုံးကတော့ ဒကာကြီးရေ သူများပေးတဲ့ဥစ္စာကို စာဆိုတဲ့ဥစ္စာက ဦးပဥ္စင်းကတော့ စာမှမတတ်ဘဲကိုး ဒကာကြီးရဲ့။ စာဆိုတဲ့ဥစ္စာ သူများသူများ နှိုင်းယှဉ်ညှိသွားပြီး ရေးမှသာလျှင် လက်သင့်ခံနိုင်တယ်။ ခန္ဓာ အတွေ့ကျတော့ သဘောကျတော့ မတူဘူးဗျ။

စာကတော့ သူက ဘောဒေဝပုတ္တာရေးလို့ ရှိရင်တူမှ၊ ဟိုက နမောတဿ ရေးလိုရှိလျှင် ဒီက နမောတဿမှ၊ ဟိုက ယဿ နုဘာဝတော (မခေါ်တောင် မခေါ်တတ်ပါဘူးဗျ) ဟိုက ယဿနုဘာဝတောကို ရေးထားလို့ရှိမှင် ဒီက ယဿနုဘာဝတော နှင့် တူမှ မတူလို့ရှိရင် အပြစ်တင်ပြီ (တတာကြီးရဲ့) အဲဒီတော့ စာဆိုတဲ့ဥစ္စာ အရိယာသူတော်ကောင်းများဟာ ရှေးအရိယာကြီး တွေဟာ ခန္ဓာကိုယ်တွေ ဉာဏ်အမြင်၊ ပညာအမြင်၊မြင်သွားတော့ စာဘယ်တော့မှ မရေးဘူး။ စာရေးတယ်ဆိုတဲ့ဥစ္စာ သူများနှင့် ညှိနှိုင်းရေးရမဲ့ တရားတွေကို ခန္ဓာကဆိုတဲ့ ဥစ္စာက စာနှင့် သွားကိုက်ကြည့်ဆိုလို့ရှိရာ သဘောချင်းက ကွဲနေတယ် ဒကာ ကြီးရဲ့။

တကယ့်ပညတ် ခန္ဓာက သဘာဝ။ အဲဒီတော့ သဘာဝတရား ဆိုတာ ခုနတုံးက တရားတောင့်တဲ့ ရုပ်နာမ်သဘာဝ အထင် အရှား ဟောပြဆုံးမ သြဝါဒ ပေးပါ ဆိုတော့ သဘာဝက သတ်သတ်၊ ရုပ်နာမ်ကသတ်သတ်၊ အဲဒီလို ကွာမနေဘူးလား။ အဲဒီတော့ သဘာဝတရားကတော့ တကယ် ခန္ဓာမှာ ရှာလျှင် သဘာဝတရား တွေ့ပါတယ်။ အဲဒီတော့ ဒကာကြီးတို့၊ ဦးပဥ္စင်း တို့လဲဘဲ အတိတ်ကာလတုံးက ဒကာကြီး၊ ဦးပဥ္စင်းဟာ အခုမှ ရဟန်း(၇)ဝါ ရပါသေးတယ်။ (၇)ဝါရသေးတော့ ဦးပဥ္စင်း၏

သဲအင်းဂူက ယောဂီများသည် သမာဓိအခြေခံနဲ့သေးတဲ့ အချိန်အခါမှာ ဦးပဥ္စင်းက ဘယ်လိုပေးသလဲဆိုတော့ ကမ္မဋ္ဌာန်းတရားပေးတာကိုဘဲ ပြောတာ ဘယ်လို အခြေခံ ပေးသလဲ ဆိုတော့ သမထကြီးကိုပေးလိုက်တယ်။ သမထကြီးပေးတာပေါ့၊ ဘယ်လိုပေးသလဲ၊ စပြီးဟည်ကထဲကိုက ဒကာမကြီးတွေ ဒကာကြီးတွေ တရားနှလုံးကျင့်ကြံအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ် ရှိတဲ့အချိန်အခါမှာ သတိပဋ္ဌာန်တရား(၄)ပါးပေးတယ်။ ဘုရားကလဲ သတိပဋ္ဌာန်တရား(၄)ပါးဘဲ ဟောတယ်မဟုတ်လား။ ကာယသတိပဋ္ဌာန်။ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်။ သတိပဋ္ဌာန်တရား (၄) ပါးက လွဲလို့ နိဗ္ဗာန် ရောက်ကြောင်းတရားမရှိဘူးတဲ့။

အဲဒီတော့ သတိပဋ္ဌာန်တရား(၄)ပါးဟာ ကနဦး စိတ်ကလေးသည် (ဘုရားက စိတ်ဘဲဟောတယ် မဟုတ်လား) အဲဒီ ကနဦးစိတ်ကလေးက ပထမ အာနာပါနသတိကို ယူလိုက်တယ်။ တချို့ကတော့ အာနာပါနတာ သမထကြီးလို့ဆိုတယ်။ သမထလုပ်ရင် သမာဓပေါ့၊ ဝိပဿနာလုပ်ရင် ဝိပဿနာကြီးပေါ့၊ (ရွှေသဲလုံးအမျှပွင့်သွားတဲ့ မြတ်စွာဘုရား၊ အရှင်ကိုယ်တော် မြတ်ကြီးတွေဟာ ဘာနဲ့သွားသလဲ၊ ဒကာကြီး) တချို့အာဏာပါနနဲ့သွားတဲ့ ဥစ္စာကို အာနာပါန၊ ဝိပဿနာလုပ်ရင် ဝိပဿနာပေါ့၊ သမထလုပ်ရင် သမထပေါ့၊ အဲဒီတော့ သမထနဲ့ ဝိပဿနာဆိုတာ တချို့ကတော့ အာနာပါနတာ သမထကြီးပါလို့ ဆိုတော့ အဲဒီတော့ ပညာတ်ပရမတ် မကွဲဘူးထင်တယ်။ မကွဲသေးလို့ ပြောတာပေါ့၊ ကွဲလို့ရှိရင်လဲ ပြောမှာ မဟုတ်ဘူး။

WWW.DHAMMARANSI.COM

တချို့လဲပြောလေ့ ပြောထရှိတယ်။ "သဲအင်းဂူဟာ သမထကြီးကွလို့" အဲဒီလို ပြောလေ့ ပြောထရှိတယ်။ သဲအင်းဂူက သမထလား၊ ဝိပဿနာဆိုတဲ့ ဥစ္စာ ဘုရားဟောထားတဲ့ တရားလက္ခဏာကို နှလုံးသွင်းတာ တချို့ကတော့ မြင်နေတာကြီးဟာ အပြောကတော့ ပညတ်ပေါ့၊ သဘောက ပရမတ်၊ ပြောတာက အသုဘလက္ခဏာ၊ အသုဘသဘော စိတ်မနောဒွါရက သဘောတရားလက္ခဏာ သဘောတရားကို မြင်နေတာက သဘောကို မြင်နေတာက ပရမတ် အဲဒီတော့ တချို့ကတော့ ဘယ်လို ပြောလိုက်လဲဆိုတော့ သဲအင်းဂူကကွာ သမထကြီးပါ ဘာမှ မဟုတ်ပါဘူး။ ကိုယ်ကတော့ သမထလား၊ ဝိပဿနာလား မကွဲဘူး။ အားထုတ်ကြည့်သေးလို့ ဘုရားက ဟောထားတာက ဘယ်လိုဟောထားလဲ အကုန်လုံး ဝိပဿနာလုပ်ရင် ဝိပဿနာချည်းဘဲ။

အကုန်လုံး သမထလုပ်ရင် တံခါး(၆)ပေါက်က အကုန်လုံး သမထချည်းဘဲ။ အဲဒီတော့အကုန်လုံး သမထနဲ့ ဝိပဿနာနဲ့ ဟာ ဒီနေ့အဘို့မှာ တိုတိုတုတ်တုတ်နဲ့ ရန်ကုန်က ယောဂီ တရားသမားတွေကို သမထနဲ့ ဝိပဿနာနဲ့ သမထလုပ်နေပုံ၊ ဝိပဿနာလုပ်နေပုံဟာ လမ်းကြောင်း (၂) သွယ် ရှိတဲ့ အနက်က (၂) သွယ်လမ်းကြောင်းကို တခါတည်း သဘောပေါက်အောင် ဘာသာလိုပြောရရင်မကောင်းဘူးလား။ ဘာသာလိုပြောမှသိမှာဘဲ။ တကာကြီး ပါဠိရွတ်နေလို့ ဘော့သိပါ့မလား။ တကာကြီးတို့ ဦးပဉ္ဇင်းတို့ဟာ အတိတ်က ပါဠိလိုတွေရွတ်လာလို့ ပါဠိတွေနာခဲ့တယ်။ အခုလဲ ပါဠိတွေနာတုံးဘဲ၊ ဘာမှမသိဘူး။ အသံလေးနာလို့တော့ကောင်း ပါဠိရွတ်လိုက်တော့ ချောပြီးတော့ တခါတည်း သံနေသံထား

ငါးပေါက်သံနဲ့ ခြောက်ပေါက်သံနဲ့ တွယ်ပြီးတော့ တခါတည်း ညှစ်ပြီးတော့ ဆွဲသွား အသံလေးကောင်းတာ နာလာတာဘဲ။ ဦးပဥ္စင်းနာလာတာ ပြောတာ။

တခါတုံးက ဦးပဥ္စင်းနာလိုက်တဲ့ဥစ္စာ၊ ဦးပဥ္စင်းက အတိတ်က ကမာရွတ်မှာ နေတယ်။ တခါမှ တရားဆိုတာ မနာဘူးဘူး။ ဦးလှသိန်း လာဟောလိုက်တော့ ထကိုမထချင်တော့ဘူး။ ဘာ့ကြောင့်လဲ တရားဟော့ ဘာမှမသိဘူး။ အသံကလေး(၅)ပေါက် ခြောက်ပေါက် ဦးပဥ္စင်းကလဲ ဟိုတုန်းက အတိတ် ကာလက တယောသမား၊ ဘင်ဂျိုသမားဗျ။ ဟိုက ဆိုလိုက်တဲ့ ဥစ္စာကို ငါးပေါက်၊ ခြောက်ပေါက် သိနေတယ်။ ရွတ်သံ ကလေးက သာယာတာကိုး။ ငါးပေါက်က ဘယ်လို၊ ခြောက်ပေါက်က ဘယ်လို၊ ခုနစ်သံချိုက ဘယ်လို ဆိုသွားတယ်။ ဦးပဥ္စင်းက အတိတ်က သယောသမားဆိုတော့ မယ်ဒလင်သမား ဆိုတော့ ဘင်ဂျိုသမား သယောသမားဆိုတော့ ဟိုကဘယ်လိုဆိုသွားတာ အသံတွေကို သိနေတယ်။ အဲဒီလိုသိတော့ အတိတ်ကလဲ ပါဠိသံ ကလေးတွေကျတော့ ရွတ်လို့ကောင်းတယ်၊ အသံဘဲ နာတယ်၊ ပါဠိက ဘာသိသလဲ ရုပ်သံ၊ နာမ်သံ၊ သဘာဝသံ၊ ဘာမျှမသိဘဲဘူး။

အတိတ်က တကာကြီးတို့၊ ဦးပဥ္စင်းတို့ဟာဖြင့် အတိတ်က တုန်းက ဒီအသံဘဲနာခဲ့တယ်၊ အခုလဲ ဒါဘဲနာအုံးမယ် နောက် လဲဒါဘဲနာအုံးမယ်၊ နာလို့လက်စသတ်ပါ အုံးမလွှား။တော်တော် ကြာရင် အတိတ်ကလဲ နာခဲ့ရကာယ်၊အခုလဲ နာရတုန်း၊နောင်ကိုလဲ နာရအုံးမယ်၊ နာလို့မဆုံးတော့ ပဋိစ္စသမုပ္ပါဒ်ကြီး လည်မနေ

WWW.DHAMMARANSI.COM

ဘူးလား။ အဲဒီတော့ အတိတ်ကလဲနာခဲ့တယ်၊ ယခုလဲနာတုန်း နောက်လဲ နာအုံးမယ်၊ အတိတ်က နာခဲ့လို့ရှိရင် အခုလဲ နာမှ၊ အခုမနာလို့ရှိရင်၊ အနာဂါတ် နာရပါအုံးမလား၊ တခါတည်း ပြတ်မနေဘူးလား၊ ရပ်သွားပြီနော်၊ အတိတ် ကာလ တုန်းက ဒီဟာတွေ နာခဲ့တယ်၊ အခုလဲ ပစ္စုပ္ပန် ဒါဘဲနာတယ်၊နောင်လဲ အနာဂါ ဒါဘဲ နာအုံးမယ်၊ မဆုံးတဲ့တရား တရားကြီးနာနေပြီ နော်၊ အတိတ်ကဥစ္စာ ခု မနာတော့ဘူး၊ အခုပစ္စုပ္ပန် မနာ တော့ဘူး၊ ရပ်သွားပြီ၊ အနာဂါတ်လဲ မရှိပါဘူး၊ မနာတဲ့ တရားလဲ ရှိသေးတယ်၊ မနာတဲ့တရားကဘယ်လိုတရားလဲ၊ နာတဲ့ တရားက ဘယ်လိုတရားလဲဆိုတာ ရှိသေးတယ်၊ **သမထနဲ့ ဝိပဿနာကို ခွဲချင်လို့ သဘောကိုပြောတာ။**

အဲဒီတော့ ဒကာ၊ ဒကာမများ လေးလေးစားစား ယုံယုံ ကြည်ကြည်နဲ့ အသံကို မနာနဲ့ ဦးပဥ္ဇင်းကလဲ အသံကောင်းတာ မဟုတ်ဘူး၊ တွန်းဟောနေတာ၊အသံကောင်းနေတာ မဟုတ်ဘူး တကာ၊ တကာမတွေ တရားကျင့်တဲ့ တကာ၊ တကာမတွေ သဘောပေါက်အောင်လို့ ဟောတာ။ စာကျတော့ယဿနာဘာဝါ ဘောတောင်မသိဘူး။ ဒါကြောင့်မို့လို့ ခုနတုန်းက ဟိုဦးပဥ္ဇင်း ကြီးဟောသွားတာ၊ သီလပေးတာ။ ဦးပဥ္ဇင်းက မပေးတတ်လို့ ခေါ်လာရတာ။ ဘာကြောင့်လဲဆိုတော့် အဲဒါခရစ်ယန်ဦးပဥ္ဇင်း ကြီး၊ နောက်ပြီးတော့ ဦးပဥ္ဇင်းက ပေါ့သေးသေး မဟုတ်ဘူး။ နဂိုက ခရစ်ယန်တရားဟောဆရာကြီး ဆိုတော့ ဦးပဥ္ဇင်းကတရား တွေ ဘာတွေပေးလိုက်တော့ ခရစ်ယန်ဆရာကြီးဟာ ယခုတော့ မထွက်နိုင်တော့ဘူး။ သားပစ်မယားပစ်၊သမီးပစ်ကို တခါတည်း ပြစ်ကုန်ပြီ၊ မထွက်တော့ဘူး။ ခန္ဓာရှာတော့ သဘောတွေသွား

WWW.DHAMMARANSI.COM

တာကို၊ ဘုရားကဟောထားတာက သဘောဟုတ်မှ လောကုတ် ဆိုတာကို၊ သဘောသာဟုတ်ပါ၊ သဘောဟုတ်လို့ရှိရင် လော ကုတ္တရာတရားတွေတာ၊ သဘောမဟုတ်လို့ရှိရင် လောကုတ္တရာ တရားရပါ့မလား။

ခုနက တရားတောင်းတဲ့ တကာမယောဂီက တောင်းသွားတဲ့ ဥစ္စာ ရုပ်နာမ် သဘာဝတရားကို ထင်ထင် ရှားရှား ဆုံးမ သြဝါဒပေးပါဘုရားလို့ဆိုတော့ ရုပ်နာမ်ဟောရမှာက သမထ ဟောရမှာ၊ သဘောဟောရမှာကလဲဘဲ ဝိပဿနာ ဟောရမှာ၊ ပရမတ်ဟောရမှာ၊ ဘုရားက ပညတ် ဘယ်လိုဟောသွားသလဲ၊ ကေဝစနံ တလုံးထဲဟောသွားတယ်။ ဦးပဥ္စင်း အတိတ်က ပေး ထားတဲ့ တရားကမ္မဋ္ဌာန်းဟာ သတိပဋ္ဌာန်လေးပါး ပေးတယ်။ ဘယ်လိုဟာပေးလဲ၊ အဇ္ဈတ္တသဏ္ဌာန်က ပညတ်ကို ပေးတယ်။ ဘယ်လိုပညတ်၊ သမထကိုပေးတယ်၊ ဘယ်လိုသမထကိုပေးတယ်။

အဇ္ဈတ္တ သဏ္ဌာန်က တွန်းတဲ့ သဘောကို တွန်းတာလေး သိလိုက်ဟေ့၊ အဲဒါသမထ၊ ဝိပဿနာမဟုတ်သေးဘူး၊ တချို့က အဲဒါဝိပဿနာထင်နေတယ်၊ ဝေးပါသေးတယ်။ ဒါဝိပဿနာကြီး ထင်နေတယ်၊ ဒါကြောင့်မို့ ကိလေသာတွေ မကုန်ဘဲနဲ့ တခါထဲ ငြင်းကြ အဇ္ဈတ္တသဏ္ဌာန်ကတခါထဲကို သမာဓိနဲ့တဲ့ အချိန်အခါမှာ သတိပဋ္ဌာန်တရား (၄)ပါးနဲ့ တခါထဲပေးလိုက်တယ်၊ ယောဂီ ပုဂ္ဂိုလ်တွေကို ပေးလိုက်တယ်။ ကဲ- ဒကာကြီးတွေ၊ ဒကာမကြီး တွေ နှလုံးသွင်းလိုက်၊ မျက်စေ့မှိတ်လိုက်တဲ့အချိန်အခါ အဇ္ဈတ္တ သဏ္ဌာန်က တွန်းလိုက်တဲ့သဘောလေးကို သိလိုက်ပါ။ ကန်တဲ့ သဘောလေးကို သိလိုက်ပါ။ ဘုရားက ဝါယောဓာတ်၏သဘော

WWW.DHAMMARANSI.COM

ကို တွန်းတယ် ကန်တယ်ဆိုတာ ဘုရားကပညတ်လို့ ပြောတာ တွန်းတာကန်တာ ပညတ်လား၊ပရမတ်လား၊ဘုရားက ခေါ်ဝေါ်၊ သမုတ်တဲ့သဘောလေး ဝါယောရုပ်၏သဘောတရား၊ ဝါဧယာ ဓာတ်၏သဘောတရား တွန်းတယ် ကန်တယ်တဲ့၊ အဲဒီလို ပြော လိုက်တာ။

အဲဒီတော့ နောက်ကျမှ ယောဂီတွေဟာ သမာဓိမရှိသေး ဘူး၊ သမာဓိက တပဲတိုးမျှ မရှိသေးဘူး၊ တပဲတိုးမျှ မရှိတော့ ပညတ်ပေးမှာဘဲ၊ လက်ဦးတုန်းက အခြေခံ တရား တုန်းကတော့ တကာကြီး (၁) ဝါ ရပြီးတော့ ဦးပဥ္စင်း တခါတည်း ပညတ် သမထကြီးကို ပေးလိုက်တာဘဲ။ သမထ သူများ ကတော့ တွန်းတယ်၊ ကန်တယ်၊ ပေးတဲ့ဥစ္စာ ဝိပဿနာ ထင်နေတယ်။ ဒီတော့ တကာကြီး သမထပေးတာ သမာဓိ ရှိအောင်လို့။ သတိ ပဋ္ဌာန်တရား လေးပါးကို တခါတည်းပေးတာ၊ ဘယ်လိုပေးလဲတဲ့ ဒကာမကြီးတွေ၊ ဒကာကြီးတွေ အဇ္ဈတ္တသန္တာန်က တွန်းတဲ့ သဘောလေးကို သိလိုက်ပါ၊ ဗဟိဒ္ဓက ကန်တဲ့သဘောလေးကို သိလိုက်ပါဆိုတော့ မရှိတဲ့ တရားကို ပေးတာ၊ ဘုရားခေါ်ဝေါ် သမုတ်တဲ့ပညတ်ကို ပေးတာ၊ ဘုရားက ခေါ်ဝေါ်တယ်မဟုတ် လား၊ ခေါ်ဝေါ်သမုတ်ထားတဲ့ပညတ်ကြီး မဟုတ်လား၊ တွန်း တယ် ကန်တယ်ဆိုတာ ဘုရားခေါ်ဝေါ်တဲ့တရားကို၊ အဲဒီတော့ ပညတ်ကြီးတင်ပေးလိုက်တာ၊ တွန်းတာလေး သိလိုက်၊ ကန်တာ လေး သိလိုက်၊ အဲဒီလို သိခိုင်းလိုက်တယ်။

စိတ်ကလေးတည်အောင်လို့ ချပေးလိုက်တာ၊ တည်အောင်လို့ ပေးလိုက်တော့ ကြာကြာထိုင်ဖန်များတော့ အောက်ကအမာနဲ့ ကိုယ်နဲ့တွေ့လိုက်တဲ့အခါ ဝေဒနာ ဖြစ်လာတယ်။ ဝေဒနာဖြစ်

WWW.DHAMMARANSI.COM

လာတော့ နဂိုတုန်းက ကမ္ဘာ့လဆန်းတရက်ကတည်းက ဒကာကြီးတို့ဦးပဥ္စင်းတို့ သိတဲ့အသိက ဒါက လူမသင်ရဘူး၊ တင်းတာရယ်၊ တောင့်တာရယ်၊ ထုံတာရယ်၊ ကျင်တာရယ်၊ အောင့်တာရယ်၊ ကိုက်တာရယ်၊ ကြွပ်တက်လာတာရယ်၊ ချွေးကျလာတာရယ်၊ ပူတာရယ်၊ အေးတာရယ်၊ လှုပ်တာရယ်၊ တွန်းတာရယ်၊ ဒါ လူသင်ရလို့လား၊ ကမ္ဘာ့လဆန်း၊ သံသရာ လဆန်းတရက်ထဲက သိတာ။ သူ့ဟာဘာနှင့်သူ သံသရာလဆန်းတရက်တည်းက မရှိတဲ့တရားတွေ သိလာတယ်မဟုတ်လား၊ သိလာတော့ အဲဒါ တင်ပေးလိုက်တယ်၊ အဲဒီတော့ ဒကာကြီးတို့၊ ဒကာမကြီးတို့ ခန္ဓာမှာ တင်းတာ ပေါ်လာလိမ့်မယ်၊ မရှိတဲ့ပညတ်ကို ပေးလိုက်တယ်။

တင်းတာပေါ်လာလိမ့်မယ်၊ တင်းတဲ့ အစလေးကိုသိလိုက်ပါ၊ ဒီကပေးချင်တာက ဘုရားဟောထားတဲ့တရားကဥပါဒ်၊ဌီ၊ဘင်တဲ့ ဘုရားဟောတယ်မဟုတ်လား၊ဥပါဒ်ရယ်၊ဌီရယ်၊ဘင်ရယ်လို့ဘုရားဟောလိုက်တော့ အဲဒီဟာကို ဘာသာလိုပေးနေတာ၊ တင်းတာပေါ်လာလို့ရှိရင် တင်းတဲ့အစလေးကို သိလိုက်ပါ၊ သမထပေးနေတာ၊ တင်းတာ အစကလေးကနေပြီး တင်းတာအလယ်ရောက်သွားအောင် လိုက်သွားပါ၊ ဒီလို ပေးလိုက်တယ်၊ တင်းတာအလယ်ကလေးကနေပြီး တင်းတဲ့အဆုံးကလေးကို သိလိုက်ပါ၊ ဒီလို ပေးလိုက်တာ၊ အဲဒီ တင်းတာအစ၊ တင်းတာ အလယ်၊ တင်းတာအဆုံးကို အဲဒီတင်းတဲ့သဘောတရားလေးကို သိအောင်လို့၊ အဆုံးသိအောင်လို့ ဒီလိုပေးလိုက်တယ်။

တောင့်တာပေါ်လာတော့ တောင့်တယ်၊ တောင့်တာအစ တောင့်တာအလယ်၊ တောင့်တာ အဆုံးလေးကို သိလိုက်ပါ။

WWW.DHAMMARANSI.COM

အဲဒါကို တင်ပေးလိုက်တာ၊ နောက်ကျမှခွဲပေးမယ် ဒကာမကြီးတို့။ ကနဦး စိတ်ကလေးမှာ အဇ္ဈတ္တသန္တာန်က နှာသီးဖျား၊ နှာသီးဝတံခါးကို တွန်းတဲ့သဘောလေး၊ ကန်တဲ့သဘောလေး၊ သိလိုက်တာ ကာယသတိပဋ္ဌာန်၊ သတိပဋ္ဌာန်တရား လေးပါး၊ တရားလေးပါးနှင့်လိုက် သမထ ဖြစ်သွားပြီ။ ကာယသတိပဋ္ဌာန် တင်းတာပေါ်တော့ တင်းဘာသွားပြီ သိလိုက်တဲ့ဉစ္စာ၊ အဲဒါ နာမ်ဝေဒနာခံစားလိုက်ပြီ၊ အဲဒါဘာလဲ၊ ဝေဒနာသွားပြီးတော့ တင်းတာသိလိုက်တဲ့ဉစ္စာ၊ ခံစားနေတာ။ အဲဒါ ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန် တင်းတာသိနေပြီ၊ တင်းတယ်လို့သိလိုက်တဲ့ဉစ္စာ၊ ဒါသမထ၊ ပူတယ်လို့သိလိုက်တာ သမထ၊ အောင့်တယ်လို့ သိလိုက်တာ သမထ၊ ပညတ်တွေပြောတာ သမထချည်းဘဲ။ ဒါဝိပဿနာမဟုတ်ဘူး။

အဲဒီတော့ တချို့တော့ ခုတော့ တင်းတာသိရင် ဝိပဿနာ အောင့်တာသိလို့ရှိရင် ဝိပဿနာ ဆင့်နေတယ်၊ ဒါသမထကြီး၊ ဘုရားက ဝိပဿနာဆိုတာ သဘောတရားဘဲ၊ အဲဒီတော့ တင်းတာအစနဲ့ တင်းတာအလယ်၊ တောင့်တာအစနဲ့ တောင့်တာအလယ်၊ ထိုးတာအစနဲ့ ထိုးတာအလယ်၊ ထိုးတာအဆုံး ဒါအဆုံးပေးလိုက်တာ။ နောက်ကျတော့ သဘောနဲ့နဲ့ သူပေါက်လာတော့ တင်းတဲ့သဘောတရား ဆုံးအောင်ပေးလိုက်တယ်၊ ဆုံးအောင်သိလိုက်တယ်။ အဲဒီအစနဲ့၊ အလယ်နဲ့ အဆုံးနဲ့ ပေးလိုက်တော့ သူ့အစနဲ့ အလယ်နဲ့ အဆုံးနဲ့ သူမိအောင်ဖမ်းတယ်။ ဖမ်းလိုက်တဲ့ အချိန်အခါကျတော့ အဆုံး၊ အဆုံးလေးကို သူသိ သွားတယ်၊ အဆုံး အဆုံးလေးသိတော့ တင်းတာအစ၊ တင်းတာ အလယ်၊ တင်းတာအဆုံး သိလိုက်တော့ တင်းတာလေး ဆုံးသွားတော့

WWW.DHAMMARANSI.COM

စိတ်ကလေး တည်ငြိမ်သွားတယ်။ တဒင်္ဂကလေး ငြိမ်သွားတဲ့ အချိန်အခါကျတော့ အဲဒါမှာ တရားပြတဲ့ပုဂ္ဂိုလ်က အဲဒီမှာ သူ့ပစ္စုပ္ပန်ရုပ်နာမ်ကို ပေးလိုက်တယ်။

တကာမကြီးတွေ တင်းတာအစ၊တင်းတာအလယ်၊ တင်းတာ အဆုံးရောက်သွားပြီဆိုရင် စိတ်ကလေး တည်ငြိမ်နေလိမ့်အုံးမယ် ဒုက္ခတွေကုန်ဆုံးသွားတော့ စိတ်ကလေး တည်ငြိမ်နေပြီ ဆိုရင် အဲဒီစိတ်ကလေးဟာ ဒုက္ခကုန်ဆုံးသွားပြီဆိုလျှင် အအေးဓာတ် ကလေးကိုနာမ်ခံစားနေလိမ့်အုံးမယ်။ ငြိမ်သက် နေလိမ့်မယ်။ အဲဒီ ငြိမ်သက် နေပြီဆိုရင် ဒုက္ခကုန်ဆုံး သွားတဲ့ နေရာလေး အဆုံးကလေး ရောက်သွားပြီဆိုရင် စိတ္တသတိပဋ္ဌာန် စိတ္တသတိ ပဋ္ဌာန်ပေးလိုက်ပြီး စိတ္တသတိပဋ္ဌာန် နောက်တခါ တင်းတာစာ ချုပ်သွားတော့ တောင့်တာပေါ်လာပြီ၊ သူ့သဘောနဲ့ သူပေါ် လာပြီ သူ့သဘော သိလိုက်လို့ရှိရင် စိတ္တသတိပဋ္ဌာန် သတိပဋ္ဌာန် တရားလေးပါးနှင့်ပေးတယ်။သတိပဋ္ဌာန်တရားလေးပါ နှင့်ဆုံးတော့ နောက်ကျတော့ ဒီသတိပဋ္ဌာန်တရားလေးပါး။ လိုက်ပါများလာ တော့ တင်းတာအစ၊ တင်းတာအလယ်၊ တင်းတာအဆုံး၊တာတွေ သိလာတယ်၊ သမာဓိဖြစ်လာပြီ၊ တောင့်တာအစ၊ တောင့်တာ အလယ်၊ တောင့်တာအဆုံး ရလာပြီ၊ ထုံတာအစ၊ ထုံတာ အလယ်၊ ထုံတာအဆုံး၊ အောင့်တာအစ၊ အောင့်တာအလယ်၊ အောင့်တာအဆုံး၊ ကိုက်တာအစ၊ ကိုက်တာအလယ်၊ ကိုက်တာ အဆုံး၊ ကြုပ်တာအစ၊ ကြုပ်တာအလယ်၊ ကြုပ်တာအဆုံး၊ ချွေးကြူတာအစ၊ အလယ်၊ အဆုံး၊ ပူတာအစ၊ ပူတာအလယ်၊ ပူတာအဆုံး၊ အေးတာအစ၊ အေးတာအလယ်၊ အေးတာအဆုံး၊ လှုပ်တာအစ၊ လှုပ်တာအလယ်၊ လှုပ်တာအဆုံး၊ တွန်းတာအစ၊

WWW.DHAMMARANSI.COM

တွန်းတာအလယ်၊တွန်းတာအဆုံး၊အဲဒီသဘောတွေ သိလာတယ်။ ဘာသိသေးသလဲ ဘာမှမသိဘူး။ ဘာမျှမသိဒါ စိတ်ကလေး တည်တာဘဲ ရှိတယ်။

အဲဒီတော့ စိတ်ကလေးတည်တော့ ယောဂီ ပုဂ္ဂိုလ်ကို ကဲ ဒကာကြီးတို့သဘောတင်ပြီ စိတ်ပြောင်းပြီဘယ်လို လဲတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ တင်းတာအစ၊ တင်းတာ အလယ်၊ တင်းတာအဆုံး သိရဲ့လား။ သိပါတယ် ဘုရားလို့ လျှောက်ပြီ။ တပြည့်တော်တို့ တင်းတာအစ၊ တင်းတာအလယ် တင်းတာအဆုံးလဲသိပါပြီ။ တောင့်တာအစ တောင့်တာအလယ်၊ တောင့်တာအဆုံးလဲသိပါပြီ။ အကုန်လုံး အစ၊ အလယ်၊ အဆုံး သိပါပြီ။ အလယ်ကိုမသိနဲ့ ဒကာကြီးတို့ ဒကာမကြီးတို့ ပြောင်း ပြန်ပြီ စိတ် စိတ်မပြောင်းလို့ရပါ့မလား၊ ဒီအတိုင်းလုပ်နေလို့ရှိရင် ဒါဘဲ ရှိတော့မှာပေါ့။ သူလိုက်ချင်တာတွေ လိုက်နေမှာပေါ့ တခါထဲကို တင် ပေးတယ်၊ အဲဒီတော့ တကာမကြီးတကာကြီးတို့ သိရမဲ့တရားက တင်းတာအစလေး သိလိုက်ပါ၊ တင်းတယ် အဆုံးလေး သိလိုက်ပါ။

တင်ပြီ အလယ်ကိုမသိနဲ့တော့ ပြောင်းလိုက်ပြီ။ အလယ်ကို မသိနဲ့ အလယ်စိတ်ကို ဖျောက်ပစ်လိုက်ပြီ စိတ်တွေပြောတာ ဘုရားကစိတ်ဘဲပြောတယ်။စိတ်တွေကိုပြောဒါဒကာကြီးတို့ဒကာ မကြီးတို့ အစနဲ့အလယ်နဲ့ တင်းတာအစ၊ တင်းတာအဆုံးကိုလဲ ရှုခိုင်းလိုက်တယ်။အဲတခါထဲကို ဒကာဒကာမကြီးတွေက တင်းတာ အစနဲ့ တင်းတာအဆုံးလဲ သိလိုက်ပြန်ပြီ။တင်းတာအစ၊ တင်းတာ အဆုံး သိလိုက်တော့ လျှောက်ပြန်တယ်တကာကြီး။ အရှင်ဘုရား တပည့်တော်တို့ တင်းတာအစနဲ့ တင်းတာအဆုံးသိပါပြီဘုရား။

WWW.DHAMMARANSI.COM

အဲဒီတော့ ပြောင်းပြီ။ တင်းတာအစ တင်းတာအလယ် တင်းတာ အဆုံးကိုမသိနဲ့ တော့ဖြစ်လာတဲ့ သဘောတရားလေး ဖြစ်တဲ့သဘောလေး၊ ပျက်တဲ့သဘောလေး သိလိုက် သဘောကိုပြောပြီ ပြောင်းပြန်ပြီ။

ဖြစ်တဲ့သဘော ပျက်တဲ့သဘော ဒါလေးသိတော့ တင်းတယ်လို့မသိနဲ့ တောင့်တယ်လို့ မသိနဲ့ ထုံတယ်လို့ မသိနဲ့ အောင့်တယ်လို့မသိနဲ့ ကိုက်တယ်လို့မသိနဲ့ ကြွပ်တယ်လို့မသိနဲ့ ပူတယ်လို့မသိနဲ့ အေးတယ်လို့မသိနဲ့ ဆင်းရဲတယ်လို့မသိနဲ့ ချမ်းသာတယ်လို့ မသိနဲ့၊ ဖြစ်လာတဲ့ သဘော တရားရယ်၊ ပျက်သွားတဲ့ သဘောတရားရယ်၊ ဖြစ်တာနဲ့ ပျက်တာနဲ့ ဒါဘဲ သိလိုက်တော့ စိတ်ပြောင်း လိုက်ပြီ။ အဲဒီတော့ ဆရာက ပြောလိုက်တော့ ဒီလို ရှုသွားဒါပေါ့။ ဆရာကလုပ်ပါ လုပ်ပါဆိုတော့ ဒီလိုလုပ်ပါဆိုပါတော့ ဘာလုပ်မှလဲ၊ စိတ်ကိုမသိလို့ ဆရာဘင်ဘယ်မဟုတ်လား။

မသိလို့ ဆရာတင်ရင် ဆရာမှာတဲ့အတိုင်း လုပ်လျှင် ရမည် တရား အဲဒီတော့ ယောဂီပုဂ္ဂိုလ်က တင်းတာလဲ မရှုတော့ဘူး၊ တောင့်တာလဲ မရှုတော့ဘူး။ သမာဓိကကောင်းလာပြီ။ စိတ်က တည်ငြိမ်လာပြီ ဒီစိတ်ကနေပြီး ဒီစိတ်ကိုပြောင်းနိုင်ပြီ။ စိတ်ကို ကြည့်တယ်။ ယောဂီပုဂ္ဂိုလ်စိတ်ကိုကြည့်တာ အဲဒါတော့ ဒီစိတ်က နေပြီ၊ ဒီစိတ်ကို ပြောင်း လိုက်တော့ဆို ပြောင်းပြီ ဘာကို အပြောင်းခိုင်းလိုက်သဲ ခုနတုံးက တင်းတာအစနဲ့တင်းတာအဆုံး တင်းတာကို မသိနဲ့ တောင့်တာကို မသိနဲ့ ဖြစ်လာတဲ့ သဘော တရား ပျက်သွားတဲ့ သဘောတရား ဒါကို ပြောင်းပစ်လိုက်ပြီ။

WWW.DHAMMARANSI.COM

ခုနက တင်းတာအခု တင်းတာအဆုံးသိသေးလား၊မသိတော့ဘူး ဖြစ်လာတဲ့ သဘောတရားလေးရယ်၊ ပျက်သွားတဲ့ သဘောတရားလေးရယ်၊ ဒါကိုသိတယ်။ အဲဒီတော့ ဖြစ်လာတဲ့ သဘောတရားလေး သိလိုက်တော့ ပျက်သွားတဲ့ သဘောတရားလေး သိလိုက်တော့ ဆိုတော့ဖြစ်တာ ပျက်တာ သူဖြင်တဲ့သဘောလေး ပျက်တဲ့သဘောလေးကို သူရှုပြီ။ ဖြစ်လာတဲ့သဘော ပျက်လာတဲ့ သဘောဆိုတော့ ဖြစ်တယ် ပျက်တယ် ဖြစ်တယ်၊ ပျက်တယ်၊တခါ ထဲကို အဇ္ဈတ္တသန္တာန်က မဟာပုတ်ခါတ်ကြီးလေးပါး ပေါ်က ဖြစ်လာတဲ့ သဘော ပျက်သွားတဲ့သဘော ဖြစ်လာတဲ့ သဘော တင်းတဲ့ သဘောလေးကိုလဲ ဖြစ်လာတဲ့ သဘော သိလိုက်တယ်၊ ပျက်သွားတဲ့ သဘောလဲ သိလိုက်တယ်။ ဒါလွေးတဲ တခါတည်း ဖြစ်သဘောပျက်သဘော ဖြစ်သဘော ပျက်သဘော လို့ဆိုတော့ ဖြစ်တာ ပျက်တာသူမြင်သွားရော။ ဖြစ်တာပျက်တာ မြင်သွားတော့ အဇ္ဈတ္တသန္တာန်က ဖြစ်တာနှင့် ပျက်တဲ့ သဘောလေး မြင်လိုက်တော့ မျက်စိကလဲဖြစ်တဲ့သဘော ပျက်တဲ့သဘော ဖြစ်နေပြီး မြက်စိကလဲမြင်လိုက်တဲ့ အချိန်အခါဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောတွေနေပြီ။ နားနဲ့အသံနဲ့ကြားလိုက်တဲ့ အချိန် အခါ ဖြစ်တဲ့သဘော ပျက်တဲ့ သဘော မတွေ့ဘူးလား နှာခေါင်းနဲ့ အနံ့ထိမှန်လိုက်တဲ့ အချိန်အခါ ဖြစ်တဲ့ သဘောနဲ့ ပျက်တဲ့သဘော လျှာနဲ့ရသာနဲ့စားလိုက်တဲ့ အချိန်အခါဖြစ်တဲ့ သဘော ပျက်တဲ့သဘော ကိုယ်နှင့်အတွေ့နဲ့ ထိမှန်လိုက်တဲ့အချိန် အခါဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘော၊ မနောနဲ့ဓမ္မနဲ့ပေါင်းဆုံ လိုက်တဲ့ အချိန်အခါ ဖြစ်တဲ့သဘော ပျက်တဲ့သဘော ဖြစ်သဘော နှင့်ပျက်သဘောကိုသိပြီလား အဲဒါမဂ်မဟုတ်ဘူးတချို့က

WWW.DHAMMARANSI.COM

ဖြစ်ပျက်ကြီးဖြင့်နေတာကို မင်္ဂလိ ပြောကြတယ်ပေး ပါသေးတယ်။ လောကီကြီး ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်ဘဲ ရှိသေးတယ်။ ဖြစ်တာပျက်တာဆိုတာ ဝိပဿနာပညာ မရောက်သေးဘူး။ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ် ဒါဘဲရှိသေးတယ်။

အဲဒီတော့ တခါးခြောက်ပေါက်က အာရုံ ငါးအာရုံခြောက်နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း တရားပြတဲ့ ကမ္မဋ္ဌာန်းဆရာကနေပြီး ဖြစ်သဘောနဲ့ ပျက်သဘောကို သိလိုက်ပါဆိုတော့အဇ္ဈတ္တသန္တာန်ကဖြစ်တာ၊ ပျက်တာသဘောကို ရှုလိုက်တော့ ဗဟိဒ္ဓကျပြန်တော့လဲ အဆင်းဘာခုပေါ်လာလဲ ဖြစ်တာနဲ့ ပျက်တာရယ်ဖြစ်တာနဲ့ပျက်တာကြီး သူဖြစ်နေတယ်။ဖြစ်ပျက်စုံမနေဘူးလား။ ဖြစ်တာရယ် ပျက်တာရယ် သူဖြစ်နေပြီ တကာကြီးရဲ့။ ယောဂီပုဂ္ဂိုလ်က ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောကို သူသိနေပြီ တကာကြီးရဲ့။ယောဂီပုဂ္ဂိုလ်က ဖြစ်တဲ့သဘောနဲ့ပျက်တဲ့သဘောကနေပြီး ဖြစ်တဲ့သဘောကို ဖြတ်ချလိုက်ဖြစ်တဲ့သဘောကိုမသိနဲ့၊ ပျက်တဲ့သဘောကို ကြည့်စမ်း ပြောင်းလဲပြန်ပြီ။ စိတ်ကလေး စိတ်ကလေး ဒီလိုမှ စိတ်မပြောင်း နိုင်ဘဲနဲ့ တရားဘယ်တော့ရမှာလဲ။

စိတ်အစဉ်ကလေးတွေ ပြောင်းသွားတာ ဘုရားက စိတ်ဘဲဟောတယ်။ (ဦးပဥ္စင်းကတော့ တည့်တည့်ထိုးမယ် မှန်တာဟောတာ၊ ဦးပဥ္စင်းက ကိုယ့်စိတ်ကို စစ်ထားလို့ သိတာညာလို့မရဘူး၊ ဝိပဿနာ ညာဟောရင် တကာ တကာမကြီးတွေလေးဘက်ထောက်ပြီး မိုယ်ကျောခိုင်းပြီး တိရစ္ဆာန်ဖြစ်ကုန်မှာ၊ သံသရာ လဆန်းတချက်ထဲက ခွေးတွေ၊ ဝက်တွေ၊ နွားတွေ၊ ကြက်တွေ ဖြစ်နေလိုက်တာ ခုထက်သိ ဖြစ်အုံးမှာဘဲ၊မသိလို့ရှိရင်

WWW.DHAMMARANSI.COM

ဖြစ်မယ်။) အဲဒီတော့ ခုနတုန်းက ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောနဲ့ ရှုသွားတယ်မဟုတ်လား။ ဖြစ်တဲ့သဘောကို ဖြတ်ချလိုက်တယ်။ သမာဓိက ကောင်းလာပြီလေ၊ ခိုင်းတိုင်းရပြီလေ၊ ဘာကြောင့် ခိုင်းတိုင်းရသလဲ သမာဓိအရှိန်ဘဲ။ အဲဒီစိတ်ကနေ ဒီစိတ်ပြောင်းလိုက်ဆိုတော့ စိတ်တည်ငြိမ်ပြီး သမာဓိ ရလာပြီ၊ ကောဂ္ဂတာလာပြီ၊ သမာဓိဆိုဘာ ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်းလိုက်တဲ့ဥစ္စာကဘာလဲတဲ့၊ ကောဂ္ဂတာ ရလာပြီ။

ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောကို လက်ဦးတင်ပေးလိုက်တာ၊ တင်ပေးလိုက်တော့ တကာမကြီးတွေ၊ တကာကြီးတွေ အဇ္ဈတ္တသန္တာန်ကဖြစ်သဘောကို မသိနဲ့တော့၊ ပျက်တဲ့သဘောကိုကြည့်ထားစမ်း။ ပျက်တဲ့ သဘော တလုံးထဲ သိဆိုတော့ တင်းတာပေါ်လဲ ပျက်တဲ့သဘော၊ တောင့်တာ ပေါ်တော့လဲ ပျက်တဲ့သဘော၊ ထုံလာတာပေါ်လဲပျက်တဲ့သဘော အောင့်လာတာပေါ်လဲပျက်တဲ့သဘောကိုက်ဘာပေါ်လာလဲပျက်တဲ့သဘော ကြွပ်တက်လာတာပေါ်လဲ ပျက်တဲ့သဘော၊ ယိုစီးလာတာလဲ ပျက်တဲ့သဘော၊ ပူဘာပေါ်လဲ ပျက်တဲ့သဘော၊ အေးတာပေါ်လဲ ပျက်တဲ့သဘော၊ လှုပ်ဘာပေါ်လဲ ပျက်တဲ့သဘော၊ တွန်းတာ ပေါ်လဲ ပျက်တဲ့သဘော၊ လှုပ်တယ်၊ တွန်းတယ်၊ ရှိသေးသား ပျက်တဲ့သဘောဘခုထဲရှိတယ်၊ အဲဒါမှ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်၊ ဝိပဿနာပညာ အပျက်တခုထဲရှိတယ်။

အပျက်ဘာခုထဲ၊ မဂ်မဟုတ်သေးဘူး၊ မဂ်မဟုတ်သေးဘူး။ ဝေးပါသေးတယ်။ လောကီဉာဏ်ဘဲ ရှိသေးတယ်၊ လောကီထဲမှာဘဲရှိသေးတယ်၊ ဖြစ်ပျက်နဲ့ ပျက်ဘယ်၊ ပျက်တယ်၊ ပျက်တယ်နဲ့ ဒါဘဲဖြစ်နေတယ်။ အဲဒီတော့ အတိဘ်ကလဲ ပျက်ခဲ့ပြီး

WWW.DHAMMARANSI.COM

အခုလဲ ပျက်တာကြီး မြင်နေပြန်ပြီ။ အခုပျက်တာကြီး သိနေလို့ ရှိရင် အနာဂါတ်ရော ပျက်ဦးမှာဘဲ။ ဘုရားက ဖြစ်ပျက် ဆုံးရမယ်ဆို။ ယခု ရှုတ်နေကြတဲ့ ဒကာကြီးတို့ရဲ့ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်ဆိုတော့ ဦးပဉ္ဉင်းက မရှုတ်ထတ်ဘူး၊ အများ ရှုပ်လို့ ဦးပဉ္ဉင်းက မပြောရတာ။ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်ဟာ ဘုရား ရှေးဉာဏ်တော် တွေကို လိုက်နေဘို့ မလိုဘူး။ ဘုရားက သိတာ၊ ကိုယ်သိတာမဟုတ်ဘူး။ ကိုယ်သိတာက ဘာကိုအလျင် သိဘို့ အရေးကြီးသလဲဆိုတော့ ယထာဘူတ အမှန်ဉာဏ်၊ အမှန် သိဘို့အရေးကြီးတယ်။

ယထာဘူတဉာဏ် ရလို့ ရှိရင်၊ နာမ်ရူပ ပရိစ္ဆေဒဉာဏ် နာမ်ရူပ ပရိစ္ဆေဒဉာဏ်ရလို့ရှိလျှင်၊ သင်္ခါရုပက္ခာဉာဏ်၊ သင်္ခါရုပက္ခာဉာဏ် ရလို့ရှိလျှင် ဖြစ်ပျက် နယ်ကြီးကို လွတ်မသွားဘူးလား။ နို့ ဉာဏ်စဉ် တဆယ့် ခြောက်ပါး ဉာဏ်စဉ်တွေရှုတ်နေလို့ရှိလို့ရှိရင် ကိုယ်သိတာမဟုတ်ဘူး၊ ဘုရားသိတာ။ ရှုတ်နေလဲ ရှုတ်တာဘဲ၊ သိဘို့က ဘာကိုသိမလဲဆိုတော့ အခုကျင့်လာတဲ့ဥစ္စာတွေ၊ စိတ်တွေ ပြင်လာခဲ့တယ် မဟုတ်လား၊ ပြင်လာခဲ့တော့ အပျက် တဖက်ထဲ ဖြစ်နေပြီ။ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်၊ ဝိပဿနာပညာ ခေါ်တယ်ဒါမှ ဝိပဿနာပညာခေါ်တယ် အဲဒီဝိပဿနာ ပညာရပေတဲ့လဲ အပါယ်တော့လွတ်ပါတယ်။ အပျက်တဖက်တည်း ဖြစ်နေလို့ ဝိပဿနာပညာကိုး။ ဒီတော့ သညာ လွတ်သွားတာ ပေါ့၊ အပျက်ချည်းဖြစ်နေတယ်။ အပါယ်တော့ လွတ်သေးတယ်။ စူဠသောတာပန် မဟုတ်သေးဘူး၊ ကာလံကောလသောတာပန် မဟုတ်သေးဘူး၊ မဂ်ရဘို့ ဝေးပါသေးတယ်။

WWW.DHAMMARANSI.COM

အခုတော့ဖြစ်ပျက်ကြီးကိုတချို့က မဂ်ထင်နေတယ်၊ဝိပဿနာ ဉာဏ်ဆိုတာ အပျက်တဖက်တည်း၊အပျက်တခုတည်း ဖြစ်နေတယ် အပျက်တခုဘည်း ဖြစ်နေတော့ အတိတ်ကလဲပျက်ခဲ့လို့ အခုလဲ ပျက်တုန်း၊ အနာဂါတ်လဲ ပျက်လိမ့်အုံးမယ်။ ပျက်လက်စ ဆုံးပါ့ မလား။ ဘယ်တော့မှ ပျက်လက်စ မဆုံးဘူး။ ဒါကြောင့်အရေး ကြီးတယ်ဆိုတဲ့ဥစ္စာ ဘာအရေးကြီးလဲ၊ ဆရာ-ဆရာက ဖြစ်ပျက် ကြီး မဂ်လို့ပြောနေတော့လဲဘဲ မသိတဲ့ ပုဂ္ဂိုလ်တွေက မဂ်ထင် နေဒါပေါ့။ မဂ်ဆိုတဲ့ဥစ္စာက ဘုရားက ဟောထားတာ။ ကောဝဓနံ တလုံးထည်းဟောထားတာ။ ဘယ်လိုဟောထားလဲ။ **ဖြစ်ပျက် ဆုံးရမယ်၊ ဝေဒနာချုပ်ရမယ်၊ ရုပ်နာမ်ချုပ်ရမယ်။** ဒီသုံးလုံးသိရင်မတော်ဘူးလား။ ဖြစ်ပျက်ချုပ်ရမယ်၊ ဝေဒနာချုပ် ရမယ်၊ရုပ်နာမ်ချုပ်ရမယ်လို့ဘုရားကဟောထားတာမဟုတ်လား။

ဒီသုံးလုံး ချုပ်လိုက်လို့ရှိရင်၊ ရုပ်နာမ်ချုပ်ရင် ဝေဒနာရှိသေး လား၊ ဝေဒနာ ခန္ဓာငါးပါးရော ဝေဒနာ ချုပ်သွားပြီဆိုရင် ဖြစ်ပျက်ရှိသေးသလား။ ဖြစ်ပျက်ချုပ်သွားရင် ဝေဒနာ ချုပ်သွား တယ်။ ဝေဒနာ ချုပ်လို့ရှိရင် ရုပ်နာမ်ပါချုပ်တယ်။ ရုပ်နာမ် ချုပ်သွားတယ်ဆိုရင် ဘာရှိသေးလဲဗျ။ မဖြစ်မပျက်တာပေါ့။ အဲဒီတော့ တချို့လောကကြီးမှာလဲဘဲ ဒီလိုဖြစ်နေတယ်။ မေ့နေ တာတွေကို မဂ်လို့ထင်နေတယ်။ မေ့နေတဲ့ဥစ္စာ မောဟ။ ဟာကာ ကြီး သဲအင်းဂူလာချင်တော့ သဲအင်းဂူသိမှ သဲအင်းဂူလာနိုင် တယ်။ သဲအင်းဂူမှ မရောက်ဘူးတဲ့ပုဂ္ဂိုလ်၊မေးရမှာပေါ့။ သဲအင်းဂူ သိတဲ့ပုဂ္ဂိုလ်က ဘယ်သူ့မေးရမှာတုံး။ ကိုယ်ကမသိရင် သိတဲ့ ပုဂ္ဂိုလ်ကို မေးရမယ်၊ သိလို့ရှိရင် မေးဘို့ လိုသေးလား။ ဒါကာ ဒကာမတွေ သဘောပေါက်ဘို့ ဟာကို သေသေချာချာ

WWW.DHAMMARANSI.COM

သဒ္ဓါနဲ့ ဟောတာပါ။ ဆယ်နှစ်ကျင့်၊ ဆယ့်ငါးနှစ်ကျင့်၊ အနှစ်နှစ်ဆယ်ကျင့် တော်ကြာ ဖြစ်ပျက် ဖြစ်ပျက်၊ ဖြစ်ပျက် ဖြစ်ပျက်၊ ဖြစ်ပျက် နယ်ကြီးက လွယ်ပါ့အုံး မလား။ ဘုရားက ဖြစ်ပျက် ချုပ်ရယ်လို့ဟောတယ်။ နာမ်ရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ လူတိုင်း ပါးစပ်ဖျားကလေး ပြောတယ်။ သင်္ခါရုပေက္ခာဉာဏ် ဆိုတာ လူတိုင်း ပါးစပ်ဖျားကလေး ပြောတယ်၊ သင်္ခါရုပေက္ခာဉာဏ် ဆိုတာ ဘယ်စိတ်ဖြစ်နေတာလဲ။ နာမရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ ဘယ်ဟာဖြစ်တာလဲ။ ယထာဘူတဉာဏ်ဆိုတာ ဘယ်စိတ်ဘယ်လို မြင်တာလဲ။ ဒီအသိလေးတွေ ဝိပဿနာယောဂီပုဂ္ဂိုလ်က သိရမဲ့ တရားတွေ၊ အားထုတ်မှ သိမှာနော်။ အားမထုတ်ဘဲနဲ့ စာအုပ်ကြီးကြည့်လို့ကတော့ သိပါ့မလား။ စာသိဘဲ ဖြစ်မှာပေါ့နော်။ ခန္ဓာ ရှာလိုက်လို့ ရှိရင် သဘောတရား တွေကို ခုန ယောဂီ တောင်းသွားတဲ့ဥစ္စာ၊ ရုပ်နာမ် သဘာဝတရားကို တောင်းသွားတယ် ဒကာကြီး။

အဲ အခုဟာ တကာကြီးရဲ့ ပရမတ် ပညတ်ဆိုတာ နှစ်ခုစပ်စပ်ပြီးတော့ နေတယ်။ ပညတ်ပြောမှ ပရမတ်ပေါက်မှာကိုး။ အဲဒီတော့ ဦးပဉ္ဇင်း လက်ဦးရှုထားတဲ့ဥစ္စာကတော့ သမထအခြေခံပြီးတော့ လာခဲ့တယ်။ အခုတော့ ဒီနှစ်က စိတ်တွေပြောင်းတယ် ယောဂီတွေက သမာဓိ အားကောင်းလာတယ်။ အားကောင်းလာတော့ ဦးပဉ္ဇင်း ဝန်ခံတယ်။ ငါ့ယောဂီတွေတော့ သမာဓိ အခြေခံကောင်းပြီး၊ ငါပြောလိုက်လို့ ရှိရင် သဘောပေါက်နိုင်ပြီ ဦးပဉ္ဇင်းပြောပေမဲ့ သူမှ သမာဓိမှတပါးမရှိလျှင် ဦးပဉ္ဇင်းဟောတာ သိပါ့မလား။ သမာဓိ မရှိလို့မသိတာ။ သမာဓိ ရှိလျှင် သိတယ်။ သမာဓိ မရှိတဲ့ပုဂ္ဂိုလ် “စာသမာဓိ”နဲ့တော့မသိဘူး

WWW.DHAMMARANSI.COM

သညာကို တကာကြီးရဲ့၊ အဲဒီတော့ နန္ဒက သမာဓိရှိလာပြီ ဆိုလျှင် သိပါတယ်။

အဲဒီတော့ ငါ့ယောဂီတွေဟာ ရင့်ကျက်လာပြီ၊ ရင့်ကျက်လာလို့ရှိရင် ငါတလုံး တပါဒကို ပြောလိုက်လို့ရှိရင် ငါအခုဟာကတော့ အတ္တကနေပြီး ငါအနတ္တဘုရား ဟောထားမယ်။ ဘုရားက အတ္တ၊ အနတ္တမဟုတ်လား တကာကြီးရဲ့။ အဲဒီတော့ ငါ့ယောဂီတွေဟာဖြင့် အတ္တရှိသေးတယ်၊ အနတ္တနယ်က နေပြီး လွတ်အောင်လို့ အနတ္တသဘော တင်ပေးပါ့မယ် ဆိုပြီးတော့ အတ္တကနေပြီး အနတ္တတင်ပေးတယ်။ ဘုရားက ဒီရုပ်နဲ့ ဒီနာမ်ကို ဟောတယ်မဟုတ်လား။ ပညတ်လို တင်စားပြောတယ်။ ဘယ်လို ပြောလဲဆိုတော့ အဲ ဓါတ်ကြီး လေးပါး ဆိုတာလဲ ပညတ်လို့ ပြောတာ။ တခါ ဓါတ်ကြီး လေးပါးဆိုတာ လေးဘာသာခွဲလိုက်တယ်။ ဓါတ်ကြီးလေးပါး၊ ဓါတ်ကြီးလေးပါးက နေပြီးတော့ တခါ ပညတ်လို ပြန်ခွဲတယ်။ ပညတ်လို ဘယ်လိုပြန်ခွဲသလဲတဲ့။ အေး-ပထဝီဓါတ်ဟာ ခက်မာ ပထဝီ၊ နူးညံ့ပထဝီ၊ မာပထဝီ၊ အဲဒါ ပညတ်ပြောတာ။ ဒါပရမတ်မဟုတ်သေးဘူး။ ခေါ်ဝေါ်တာ၊ နူးညံ့ပထဝီ၊ ခက်မာပထဝီ၊ မာပထဝီ၊ လေးပထဝီ ဆိုတာ ပညတ်လိုခွဲပြီးတော့ သဘောပေါက်အောင်လို့ပြောတာ အဲဒီတော့ အာပေါဓါတ်သဘောက ဖွဲ့စည်းအာပေါ ယိုစီး အာပေါတဲ့။ အဲဒါ ပညတ်လို့ ပြောတာ။ တေဇောဓာတ်၏ သဘောက ပူ‌ေ တေဇောပညတ်လိုခွဲလိုက်တာ။ အဲဒါ ပညတ်လို ခွဲတာ။ အဲဒါ ပူတယ်၊ အေးတယ်ဆိုတာ ပညတ်လို ပြောတာ။ အဲ အခုတော့ ပုဂ္ဂိုလ်ဟောပတယ်၊ အေးတယ်ဆိုတာ ပညတ်ကြီး ထင်နေပြီ၊ ဘုရားဟောတဲ့ပညတ်ကြီး။ အဲဒါကြီးကို တရားထင်

WWW.DHAMMARANSI.COM

နေတယ်။ ပူတာ၊ အေးတာကို တရားထင်တယ်။ ဘုရားက ခေါ်ဝေါ်သမုတ်လိုက်တဲ့ပညတ်ကြီး၊ဘုရားခေါ်တာမဟုတ်လား အဲဒီတော့ ဝါယောရုပ်၏သဘောဟာ၊ ဝါယောဓါတ်၏သဘော ဟာ တွန်းတယ်၊ ကန်တယ်၊ လှုပ်ရှားတယ်၊ ငြိမ်ဝပ်ပိပြားတယ်။ အဲဒါ ပညတ်လို့ပြောတာ။ အဲဒီတော့ တခါ ဘယ်လို ပြန်ပြော လဲဆိုတော့ အဲဒီဟာ ပညတ်လိုပြန်ပြီး ခွဲလိုက်တော့ တခါ သဘောပြန်ပြီးတော့ သဘောပေါက်အောင် ပြောပြန်ပြီတကာ ကြီးရဲ့။

ပထဝီဓာတ်၏သဘောဟာ တင်းတဲ့သဘောကလဲ ဓာတ်၏ သဘော၊ တောင့်တာကလဲ ဓာတ်၏သဘော၊ တုံတာကလဲ ဓာတ်၏သဘော၊ မာတာကလဲ ဓာတ်၏သဘော၊ နူးညံ့တာလဲ ဓာတ်ဘဲ၊ ကြွပ်တက်လာတာလဲ ဓာတ်ဘဲ၊ ယိုကျလာတာလဲဘဲ ဓာတ်ဘဲ။ အခုတော့ ပုဂ္ဂိုလ်တွေ ဓာတ်မသိဘူး၊ ရုပ်မသိဘူး၊ ယိုကျလာတာ၊ တင်းတာ၊ တောင့်တာတွေ ဘုရားခေါ်ဝေါ် သမုတ်ထားတဲ့ ပညတ်ကြီးကို တင်နေလို့ အဲဒါကြောင့်မို့လို့ သခ်ါရ ဖြစ်ကုန်တာ။ အကုန်လုံး ပညတ်၊ ပရမတ် မကွဲဘူးနော် ဘုရားခေါ်ဝေါ်ထားတဲ့ ပညတ်ကြီး တင်နေပြီးနော်။ ဘုရားက ပညတ်လို့ ခေါ်ဝေါ်သမုတ်ပြီးတော့ သဘော ပျောသွားတယ် အခုတော့ ပညတ်ကြီးပေါ် တင်နေပြီနော်။ တင်းတာကြီးကို တရားလို့ထင်တယ် တုံတာကြီးကို တရားလို့ ထင်တယ်၊ တောင့် တာကြီးကို တရားလို့ထင်တယ်၊ ပူတာကြီးကို တရားလို့ ထင်တယ် အေးတာကြီးကို တရားလို့ထင်တယ်၊ ကြွပ်လာတာကို တရားလို့ ထင်တယ်၊ ပညတ်ကြီးဒီလိုမသိရဘူး။

WWW.DHAMMARANSI.COM

သိရမဲ့တရားက ဘုရားက ခွဲခြားသွားတာက ဘယ်ဟာလဲ တင်းတာလဲဓာတ်၊ တောင့်တာလဲဓာတ်၊ နူးညံ့တာလဲ ဓာတ်၊ မာတာလဲဓာတ်၊ လေးဟာလဲဓာတ်၊ ကြွပ်တာလဲဓာတ်၊ ယိုတာလဲ ဓာတ်၊ ပူတာလဲဓာတ်၊ အေးတာလဲဓာတ်၊ လှုပ်တာလဲဓာတ်၊ တလုံးဘဲမဟုတ်လား။ ဘုရားက သင်္ခတနဲ့ အသင်္ခတဓာတ် ခွဲလိုက်တယ်။ဘုရားဟောတာ တယ်မှန်တယ်ဗျ။သင်္ခတနဲ့ အသင်္ခတ ခွဲသွားတာကို ပြောတာ။ သင်္ခတကို ခွဲသွားလိုက်တာ ဘုရားက တခါထဲ လောကီလိုခွဲသွားလိုက်တာ နောက်ပြီးတော့မှ တခါထဲ ဓာတ်တလုံးထဲကို သနေ့အောင် ဟောလိုက်တယ်။ အဲဒီတော့ ဘယ်လိုဟောသွားလဲ။ တင်းတာကလဲဓာတ်၊ တောင့်တာကလဲ ဓာတ်၊ ထုံတာလဲဓာတ်၊ တင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျပ်တယ်၊ အောင့်တယ်၊ ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ ရွတယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ် ဆိုတာ သင်္ခတဓာတ်၊ အသင်္ခတ ဓာတ်ကို မြင်စေချင်လို့။

အသင်္ခတဓာတ်ဆိုတာ ဘယ်ဟာလဲ၊ တင်းတာလဲဓာတ်တခုထဲ ဓာတ်သဘောတရား၊ တောင့်တာလဲ ဓာတ်သဘောတရား၊ ထုံ တာလဲ ဓာတ်သဘောတရား၊ အောင့်တာလဲ ဓာတ်သဘော တရား၊ ကြွပ်တာလဲ ဓာတ်သဘောတရား၊ လှုပ်တာလဲ ဓာတ် သဘောတရား၊ ပူတာလဲ ဓာတ်သဘောတရား၊ အေးတာလဲ ဓာတ်သဘောတရား၊ တွန်းတာကန်တာလဲ ဓာတ်သဘောတရား၊ ခုနတုန်းက စေတသိက်တွေဖြစ်နေတဲ့ စိတ္တသင်္ခါရတွေမဟုတ်လား ဓာတ်တလုံးထဲသိတော့ စိတ္တသင်္ခါရတွေ ရှိသေးလား။အသင်္ခတနဲ့ သင်္ခတဓာတ် မကွဲဘူးလား။ အဲ ကွဲနိုင်ဘိုကလဲ ခဲယဉ်းတယ်၊

WWW.DHAMMARANSI.COM

ပညတ်ကြီး ထင်နေလို့၊ ဘုရားက ဓာတ်ကို ဓာတ်သောတာပန် ဖြစ်အောင်ဟောတယ်။ ခုနဘုန်းက ဦးပဥ္ဇင်းကတော့ ဘာလဲတဲ့ ဓာတ်နဲ့ လက်ဦးဘုန်းက ဓာတ်ဘဲ ဟောတယ်။ အဲ ဓာတ် သောတာပန် တည်အောင်လို့ ဓာတ်သောတာပန် တည်အောင် နေပြီးတော့ ပုဂ္ဂိုလ်တွေဟာ နဲနဲရင့်၊ သမာဓိ ရင့်ကျက် လာလို့ လွယ်လွယ်ကူကူနဲ့ တခါထဲ လက္ခဏာ သဘောကို အတ္တနယ်က နေပြီး အနတ္တတင်ပြီး ဘုရားက အတ္တအနတ္တ ဟောတယ် မဟုတ်လား။ ဘုရားက ယခုနောက်ပိတ်ဆုံး သာသနာကာလဝိမုတ္တိယုဂ ခေတ်ဟာ ဘုရား တဆူဘာဆူပေါ်တာက ဘာ့ကြောင့် ပေါ်တာတုံး။ အနတ္တသဘောကိုမှ၊ ဒီလောကကြီးမှာ သတ္တဝါတွေအနတ္တ မြင်အောင်လို့ သိအောင်လို့ ဘုရားတဆူဘာဆူပွင့်တာ။ အဲဒီတော့ အနတ္တမြင်အောင် ပြုလိုက်လို့ရှိရင် အတ္တ သုဉ်းဆိတ်မယ် မဟုတ်လား။ အခုနဘုန်းက ဦးပဥ္ဇင်းယောဂီတွေ ဝိပဿနာ၊ ဝိပဿနာ ပညာဖြစ်ပြီး တလောကလုံးဟာဖြင့် မြင်တာလဲ ပျက်တဲ့သဘော ကြားတာလဲ ပျက်တဲ့သဘော၊ နံတာလဲပျက်တဲ့သဘော၊ စားလိုက်တဲ့ ရသာလဲ ပျက်တဲ့သဘော၊အပျက်တခုထဲ၊ ထိလိုက်တာလဲ ပျက်တဲ့သဘော၊ သိလိုက်တာလဲ ပျက်တဲ့သဘော၊ ယိုတာလဲ ပျက်တဲ့သဘော၊ ပေါက်လိုက်တာလဲ ပျက်တဲ့သဘော၊ လှမ်းတာလဲ ပျက်တဲ့သဘော၊ လှမ်းတယ်၊ လှမ်းတယ်၊ လှမ်းတယ်မရှိတော့ဘူး၊ ပညတ်ကြီး မရှိတော့ဘူး၊ သမထကြီးမရှိတော့ဘူး။

**ဝိပဿနာသက်သက် ဖြစ်သွားပြီ။**

အဲဒါ ဘာလဲတဲ့၊ တင်ပေးလို့ စိတ်တွေ တင်ပေးလို့၊ စိတ်ကလေးတွေ ပြောင်းပြောင်း မပေးလို့ရှိလျှင် သမထကြီး နဲ့ဘဲ နေမှာပေါ့။ စိတ်ကလေးတွေ ပြောင်းသွားပုံလေးတွေ၊ ဝိပဿနာ

WWW.DHAMMARANSI.COM

ယောဂီပုဂ္ဂိုလ်ဟာ လက်ဦးတော့ တကာကြီး သမထဘဲ၊ သမထဟာ နေပြီး ဝိပဿနာဖြစ်အောင် စိတ်ကလေးတွေပြင်ပြီး သဘောတွေ ပေးသွားတာ၊ အဲဒီလိုပေးတာ၊ နို့မို့ယောဂီပုဂ္ဂိုလ်ဟာ လုပ်သာ လုပ်ပါဆိုလို့ ယောဂီဘာလုပ်ရမလဲ၊ ဒါလုပ်ပါဆိုတော့ ဒါလုပ် ဒါ ဒါဘဲရှိတယ်။ အဲဒီတော့ ဝိပဿနာနဲ့သမထ တချို့ကကွဲတာ မဟုတ်ဘူး။ အဲဒီတော့ နောက်ကျမှဘဲ သဘောကို ပြောပြ အုံးမယ်။ အခုဟာက သဘောကို ပြောချင်လို့၊ ဘုရား တဆူ တဆူပွင့်တာဟာ အနတ္တမြင်တွေချင်လို့ ပွင့်တယ်။ အခုနောက် ပိတ်ဆုံး သာသနာကာလ ဝိမုတ္တိယုဂခေတ် အနတ္တ သာသနာ တပတ်ပြန်လည်လာပြီး တပတ်ပြန်လှည့်လာတော့ ဦးပဥ္စင်း အခု ပြောပြီ တကာကြီးတွေ တကာမကြီးတွေ ဘယ်မှာဟောဟော၊ အခု တကာမကြီးတော့ ဟိုတုံးကတော့ ရထားတွေစီးတယ်၊ မာစီဒီးကားတွေစီးတယ်၊ ဘောက်စ်ဆောဆိုလား ဘာဆိုလား မြန်မြန် ပြေးတဲ့ ကားတွေပေါ့။ ရထားတွေ စီးနေတယ်၊ အဲဒါ စီးနေလို့ရှိရင်တော့ ကြာတယ်၊ အရေး အကြောင်းဆိုရင် ကရင်မိုင်းဗုံးနဲ့ထိရင် တခါထဲလေးဘက်ပြစ်သွားမယ်။ ကရင် မိုင်းဗုံးလွတ်တဲ့နည်း၊ အခု နောက်ပိတ်ဆုံး ကာလဝိမုတ္တိ ယုဂ ခေတ်၊ အနတ္တသာသနာ တပတ်ပြန်လည်လာပြီ။ အတ္တကနေပြီး အနတ္တတင်ပေးမယ်။ တလုံးထဲ၊ နှစ်လုံးထဲတင်ပေးတယ် သမာဓိ ကလဲ ယောဂီတွေ ကောင်းလာတာကိုး၊ ဘုရားက အနတ္တ သာသနာကို အနတ္တသာသနာကို အနတ္တတနယ်ကနေပြီး အနတ္တ သဘောတင်ပေးတယ်။ အတ္တကနေပြီးလက်ဦးအတ္တနေပြီးပြတာ။

ဒါကြောင့် မိုလို ခုနတုံးက ဦးပဥ္စင်းတို့ ယောဂီသဲက ဦးစံငြိမ်းက အရှင်ဘုရား လျှောက်ပါအုံးမယ်၊ ဟိုတုန်းကတော့

WWW.DHAMMARANSI.COM

တမျိုးပြောတယ်၊ အနို့ လောကကြီးက ဟိုတုန်းကတော့ တမျိုး ထဲကိုး၊ ဟိုတုန်းက တမျိုးထဲ၊ ရှူလိုက်ဆိုရှူတယ်၊ ရှူတယ်၊ ဒါဘဲ ရှူနေတာဘဲ။ မြင်တယ်ဆိုရင် မြင်တယ်မြင်တယ်၊ ဒါကြီးကလက်စ သပ်ပါဦးမလား။ ဒါကြီးကလဲ ပရိကံ ဒီဟာဘဲရှိတယ်။ ဒီဟာ ကြီးက လွှတ်နိုင်ပါအုံးမလား။ အဲ ဘယ်တော့မှ မလွှတ်ဘူး၊ သံသရာ ဆုံးနိုင်မှာလဲ မဟုတ်ဘူး၊ ဆုံးပါ့မလား တကာကြီး၊ ဘယ်တော့မှ မဆုံးဘူးနော်။ အဲဒီတော့ ဦးပဉ္ဇင်းတို့ယောဂီထဲက သဘောပေါက်အောင် အဲရှင်ဘုရား၊ ရှင်းသမ်းကလေး ရှင်းပြ ပါအုံးဆိုတော့၊ ရှင်းရတာပေါ့နော်။

အဲဒီတော့ ဦးပဉ္ဇင်း ဟိုတုန်းကခေတ်ကိုလဲ ပေးတယ်၊ အဲ သဘောကို တင်ပြီးတော့ ပေးလာတယ်၊ သမထကြီးက နေ့ပြီး တော့၊ အခု နောက်ပိတ်ဆုံး သာသနာမှာ ယောဂီတွေကလဲ ရင့်ကျက်လာတဲ့အချိန် ငါ့ယောဂီတွေ အလျင်အမြန် သောတာ ပန်ကြီးတွေဖြစ်အောင်၊ သကဒါဂါမ်ကြီးတွေဖြစ်အောင်၊ အနာ ဂါမ်ကြီးတွေ ဖြစ်အောင်၊ အယူမှား အမှတ်မှားတဲ့ မိစ္ဆာဒိဋ္ဌိ ပြုတ်သွားအောင်၊ မြင်လိုက်တဲ့ အပေါ်မှာ ကိလေသာ ကာမ ခေါင်းပါးအောင်၊ မြင်လိုက်တဲ့အပေါ်မှာ ကာမကိလေသာ ပယ် သတ်နိုင်အောင်၊ မြင်လိုက်တဲ့အပေါ်မှာ ယုံစီးခြင်း ကိလေသာ သတ်နိုင်အောင်၊ မြင်လိုက်တဲ့အပေါ်မှာ ယုံစီးခြင်း ကိလေသာ အာသဝ ခန်းခြောက်အောင်၊ အခုတော့ တကာကြီးတို့ မင်္ဂလာ ဒုံက "ဂျက်နဲ့" "ဖော်ကာ"နဲ့တင်တယ်။ ဘာကြောင့်လဲတဲ့ အတ္တ နေပြီး အနတ္တ ထင်တယ်။ အဲဒီတော့ မင်းတို့ သဲအင်းဂူ ဆရာတော်က ဘယ်လိုလဲဆိုတော့ အခုတမျိုးကြီး ဖြစ်ပြန်ပလား နဂိုတုန်းက တမျိုးထဲပေးတာတွေက အားကြီးတာကိုး တကာ

WWW.DHAMMARANSI.COM

ကြီးရဲ့။ တမျိုးထဲပေးတာတွေက အားကြီးနေတော့ ဦးပဉ္ဇင်း တမျိုးထဲပေးမှလဲ သူတို့က ယုံမှာကိုး။

ဦးပဉ္ဇင်းက တမျိုးထဲ မပေးနိုင်ဘူး၊ ပုဂ္ဂိုလ်တွေ တခါထဲ လေးဘက်သေဘက်မှာစိုးလို့ ဒီမှာပြင်နေတာ ဇိတ်ကို၊ တမျိုးထဲ မပေးဘူး။ နို့ဘုရားကဟောထားတာက နှာတလက်ထဲနဲ့ ဆေးဆရာလုပ်သလား၊ ဆေးအမျိုးစုံ ထားတယ်နော်။ ဒီနို့ဘုရားလက်ထက်က ရှင်သာရိပုတ္တရာကြီးတို့ ကမ္မဋ္ဌာန်းတရား ပေးဟောဘောင် မှားပေးနေသေးတာကိုးနော်။ အဲဒီတော့ ဘုရားက သွားပြီးမြင်တော့ ဘုရားက ဆေးမျိုးစုံထားတာကိုး။ ဆေးမျိုးစုံထားတော့ ဘယ်လိုပေးလဲဆိုတော့ ပုဂ္ဂိုလ်အလိုက်၊ ဇရိုက်အလိုက်၊ ယောဂီအလိုက် ပေးတာကိုး။ မြောင်-ဒီပုဂ္ဂိုလ်ဟာဖြင့် ဟော ကမ္မဋ္ဌာန်းပြ ရှင်သာရိပုတ္တရာကြီး ကမ္မဋ္ဌာန်းတရား ပေးမှားနေတော့ ဘုရားက သွားပေးတယ်။ ဘယ်လိုပေးသလဲ ဆိုတော့ ရေကန်ထဲ ဖန်ဆင်းပြီး ကြာဖူးကလေး လှတယ်ဘွာ ပန်းတိမ်သယ်ကိုး။ ဟိုအတိတ်က အဲဒါ ကြာဖူးကလေးပြတာနဲ့ တခါထဲ ရဟန္တာ ဖြစ်တယ်။ ဒါ သူ့ကမ္မဋ္ဌာန်းနှင့်သူ တကာကြီးရဲ့။ နှာဘလက်ထဲနဲ့ ဆေးဆရာလုပ်နေလို့ကတော့ ဖြစ်မှာ မဟုတ်ဘူးထင်တယ်။

နို့ယောဂီမှာ ရောဂါအမျိုးမျိုးဘဲ မဟုတ်လား။ လေနာတဲ့ ဦးပဉ္ဇင်းတော့ အခု တကာကြီးရေ၊ တရားက ယိပ်ဟော တရားပြနေတာကို။ ဂူမှာ ယောဂီတွေ မနားရဘူး၊ တခါထဲကို အခု နင်လားငါလား ပေးနေတာ၊ မနားရဘူး။ ဦးပဉ္ဇင်းကလဲလေက ပန်းနေရတော့ လေကပန်းတော့ လေနာထတာပေါ့။ လေရောဂါ ဖြစ်နေတယ်။ လေရောဂါဖြစ်တော့ လေ့ရောဂါပျောက်တဲ့ဆေးကို

WWW.DHAMMARANSI.COM

ဟိုကလူကြ ဒီကလူကြ တခါထဲကို ဆေးအမျိုးမျိုးထားရတယ်။ ဒီဆေးမပျောက် ဟိုဆေး၊ ဟိုဆေးမပျောက် ဟိုဆေး၊ ဒီလို ပြောင်းပြီး စားရတာ တကာကြီးရဲ့၊ တမျိုးထဲ မဖြစ်ဘူး။ လက်ဦးတုန်းက တမျိုးထဲကို၊ ဘယ်လိုတမျိုးထဲလဲ ဆိုတော့ ပန်းဆိုးတန်းက တကာကြီး ဦးပါက လေနာ ပျောက်တဲ့ဆေး၊ မိုးညှင်းကောင်းက လေနာပျောက်တဲ့ဆေး၊ တခါထဲ အင်းစိန်က လေနာပျောက်တဲ့ဆေး၊ ဒါတွေ ဒါတွေ အကုန်းလုံးပေးနေဒါဘဲ တကာကြီးရဲ့ အဲဒီဟာတွေတမျိုးထဲမရဘူး၊ တခါထဲပညတ်လို့ ပြောတာဒနော် လေနာက အားကြီးထားတော့၊ သိပ်မနိုင်တဲ့ အခါကျတော့ တခါထဲ ပင်ရင်း ဒုံရင်း တခါထဲကို အမိပတိ ဆရာကြီးထားတယ် ဘယ်ဆရာလဲတဲ့ "ဆော်ဒါ"ဆရာ သိလား တလက်ထဲနဲ့ မရဘူး ရောဂါက ကြမ်းရင်ကြမ်းသလို နှာတလက် ထဲနဲ့ထားပြီးတော့ ဆေးဆရာလုပ်လို့ ရပါ့မလားနော်။ အနို့ ဒကာကြီးရေ ဦးပါလာပေးတဲ့ဆေးဟာ အပြားကလေး ဆေး စားလိုက်တော့ ပျောက်ချင်မှပျောက်တာ၊ အဲသူမပျောက်လို့ ရှိရင် ဒီပြင်ဆေးတခါစားလိုက်တော့၊ ပျောက်ချင်ရင်လဲပျောက် သွားတယ်။

အဲယောဂီလဲဘဲ နှာတလက်ထဲနဲ့ ဆေးဆရာလုပ်ပြီး ဆေးပေး လို့မရဘူး။ အနို့ အတိတ်ကာလတုန်းက အဆင်းရှုလှာတဲ့ပုဂ္ဂိုလ် ရှိတယ်၊ အသံရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အနံ့ရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ ရသာ ရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အတွေ့ရှုတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ မေ့ ရှုတဲ့ပုဂ္ဂိုလ် ရှိတယ်၊ သူ့ဟာ အမျိုးမျိုးဘဲ မဟုတ်လား ပုဂ္ဂိုလ် အစားစား တရားလဲအစားစားနော်၊ ပုဂ္ဂိုလ်အစားစား တရားလဲ မတူဘူး။ တကာကြီးရဲ့ သဘောကျတော့ အတူနော်။ အဲဒီတော့အတိတ်

WWW.DHAMMARANSI.COM

ကာလတုံးက နာမ်ရှုသာတဲ့ပုဂ္ဂိုလ်၊ အတိတ်ကာလတုံးက ရုပ်လက္ခဏာရှုလာတဲ့ပုဂ္ဂိုလ်။အတိတ်ကာလတုံးက အသုဘလက္ခဏာရှုလာတဲ့ပုဂ္ဂိုလ်၊ အတိတ် ကာလက ဓာတ်ရှုလာတဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ သူ့ကမ္မဋ္ဌာန်း သူပေးရတာ သူ့ကမ္မဋ္ဌာန်းမှ မပေးလို့ရှိရင် ရပါ့မလား။ အဲဒီတော့ သူ့ကမ္မဋ္ဌာန်းသူပေးရတာ အဲဒီတော့ ဦးပဉ္စင်းတို့လဲဘဲ လက်ဦးတုံးက ပေးလိုက်တဲ့ ဥစ္စာ ပရိကံနိမိတ် ဘာပေါ်လာသလဲဆိုတော့ ပေါ်လာတဲ့ ကမ္မဋ္ဌာန်း ပေးတာနော်။

နာမ်ကဋ္ဌာန်း ပေါ်လာတဲ့ပုဂ္ဂိုလ် နာမ်ကမ္မဋ္ဌာန်း ပေးတယ်၊ ရုပ်ကမ္မဋ္ဌာန်းပေါ်လာတဲ့ပုဂ္ဂိုလ် ရုပ်ကမ္မဋ္ဌာန်းပေးတယ်၊ အသုဘ ကမ္မဋ္ဌာန်းပေါ်လာတဲ့ ပုဂ္ဂိုလ် အသုဘ ကမ္မဋ္ဌာန်း ပေးတယ်၊ ဓာတ်ကမ္မဋ္ဌာန်းပေါ်လာတဲ့ ပုဂ္ဂိုလ် ဓာတ်ကမ္မဋ္ဌာန်းပေးတယ် နှာတလက်ထဲနဲ့ ဆေးဆရာမလုပ်ဘူးနော် သဘောကို ပေးတာ။ အဲဒီတော့ ကဲပြောနေရင်တော့ တာရှည်တယ်။ အေကနေပြီး ပေးလိုက်တဲ့ဥစ္စာ ယောဂီဟာ အပျက်တဘက်ထဲ သန်နေပြီ။ အပျက်တဘက်တည်းသန်နေတော့ ပျက်တာကို သူသိနေတယ်။ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်၊ ဝိပဿနာပညာ ဖြစ်နေတယ်။ ရင့်ကျက်လာပြီ။အဲဒါမဂ်မဟုတ်သေးဘူး။ ကဲ အပျက်တဘက်ထဲ သူပျက်တယ်လို့ သူတခုတည်း ထင်နေပြီး ပျက်တယ်လို့ ထင်နေတော့ အဲဒီတော့ ဒီဟာအတ္တနယ်ရှိသေးတယ်နော် ။ပညတ်နယ်ဘဲ ရှိသေးတယ်။ အဲဒီတော့ ပညတ်နယ်ကနေပြီးတော့ တခါထဲကို အနတ္တသဘောမြင်အောင် တခါထဲ ပရမတ်သဘောကိုမြင်အောင် ပေးတော့မယ်၊ အတ္တနယ်က အနတ္တနယ် ရောက်အောင်နော်။

WWW.DHAMMARANSI.COM

အဲဒီတော့ ယထာဘူတဉာဏ်ရအောင်၊ အမှန် တရားတွေ မြင်အောင်၊သင်္ခါရုပက္ခဉာဏ်ရအောင်၊ နာမရူပပရိစ္ဆေဒရုပ်နာမ် ကွဲသွားအောင်ပေးပြီး။ရုပ်နာမ်ကွဲတယ်ဆိုတာကတချို့ပြောလေ့ ပြောထရှိတယ်။ ဦးပဥ္စင်းတို့ တရားဌာနလာတဲ့ ပုဂ္ဂိုလ်ကို မေး ကြည့်တယ်။ ခင်ဗျားတို့ နာမ်ရုပ်များ ကွဲပါလားဗျာ။ (ကွဲပါ တယ်ဘုရားတဲ့ ဘယ်လိုကွဲလဲဆိုတော့ **ပူတာကရုပ်၊ပူတာသိ တာကနာမ်**အဲဒီလိုပြောတယ် ဒကာကြီးရဲ့) ဟာ ဒါလေးလဲ သိတယ်။ ဒီအသိမျိုး ခလေးလဲ သိတယ်နော်၊ ရုပ်နာမ်ကို ဘုရားက ဟောထားတာ နာမရူပ ပရိစ္ဆေဒဉာဏ် ဥဒယဗ္ဗယ ဉာဏ်လို့ ဒီလိုဟောတယ်။ ဥဒယဗ္ဗယဉာဏ်ရယ် နာမရူပပရိစ္ဆေဒ ဉာဏ်ရယ် သင်္ခါရ ရူပက္ခာဉာဏ်ရယ်၊ဉာဏ်သုံးပါး ဒီမြင်တာတွေ တော့မသိဘူး။ အဲဒီတော့ စိတ်ပြောင်းတော့မယ်။ ဖြစ်ပျက်က နေပြီးတော့ သူဖြစ်ပျက်ပေါ်တည်နေပြီ။စိတ်၊သမာဓိကောင်းပြီ သမာဓိကောင်းလာတော့ **သဘောတင်ပြီ** ဒီဖြစ်ပျက်ကြီး ချုပ်သွားအောင်လို့ ဘုရားက ဖြစ်ပျက်ချုပ်ရမယ်ဆို ဖြစ်ပျက် ချုပ်ရအောင် ဖြစ်ပျက်ကို သင်္ခါရုပက္ခဉာဏ် ရအောင် ပေးပြီ တကာမကြီးတို့ တကာကြီးတို့ ဘယ်လိုမြင်နေလဲ။

တပည့်တော်တို့ ဘုရားမျက်စိနဲ့မြင်လဲ ပျက်တဲ့သဘော အသံ ကြားလိုက်လဲ ပျက်တဲ့သဘော အသံရယ်လို့ မသိတော့ပါဘူး။ ပျက်တဲ့သဘောတခုတည်းဖြစ်နေပါတယ်။ နှာခေါင်းနှင့် အနံ့နှင့် နမ်းလိုက်သည့်အချိန်အခါ အနံ့မွှေးသည်၊သင်းသည်၊ ကြိုင်သည် လို့မသိတော့ဘူး၊ပျက်တဲ့သဘောလျှာနှင့်ရသာနှင့် စားလိုက်သည့် အချိန်အခါ ပျက်သည့်သဘော၊အတွေ့နှင့်ကိုယ်နှင့် ထိမှန်လိုက်တဲ့ အချိန်အခါပျက်သည့်သဘော၊ မနောနှင့်ဓမ္မနှင့် ပေါင်းဆုံသည့်

အခါမှာ ဓမ္မရုပ်ပေါ်မှာ ပျက်သည့်သဘော အပျက်တခုတည်း ဖြစ်နေပါတယ်ဘုရား။

ကဲ ငါ့ယောဂီသမားစိတ်တည်ပြီ အပျက်တည်နေပြီ အပျက်တည်နေပြီဆိုလို့ ဒီစိတ်ကနေပြီး၊ စိတ်ပြောင်းလို့ရပြီ။ စိတ်ကို ကြည့်တာ စိတ်ကြည့်မှုသိတော့မှာပေါ့ ။ငါ့ယောဂီစိတ်ဘယ်လို တည်နေသလဲဆိုခါ ဒီစိတ်တွေမှ မဟုတ်ဘဲနှင့် ဒါတွေလျှောက် ပြောလို့ဘယ်ရမလဲ။ ယောဂီစိတ်က ဘယ်လိုဖြစ်နေသလဲဆိုတာ စိတ်ကိုကြည့်ရတာ တရားပြတာ စိတ်အလုပ်တွေနော် စိတ် အလုပ်တွေ စိတ်ကြည့်တာယ်၊ ဪ် ငါ့ယောဂီစိတ်တည်နေပြီ။ ဘာကိုတည်သလဲ ကေက္ကဒါတည်နေတယ်ပါလား။ အပျက် တခုတည်းတည်နေပြီ။ အပျက်တခုတည်း တည်နေတဲ့ ကေက္ကတာ စိတ်ဟာ ဒီဘက်ကေက္ကတာက ဒီဘက်ကေက္ကဒါ ပြောင်းတော့ မယ်။ သဘောပြောင်းတော့မယ်။ အတ္တ နယ်ကနေပြီး သင်္ခါရ နယ်ကနေပြီးတော့ အနတ္တသဘောကို မဖြစ်မပျက်တဲ့သဘောကို ပြောင်းပေးတော့မယ်။

ကဲ ဒကာမကြီးတွေ ဒကာကြီးတွေ သံသရာ လဆန်းတရက် ထဲက ပျက်လာခဲ့ပြီ။ အခုလဲပျက်တာကြီး ဖြစ်နေပြန်ပြီ။ အခု ပျက်တာကြီးဖြစ်နေသေးလို့ရှိရင် အနာဂတ်လဲ မပျက်ပေဘူးလား ပျက်လက်စမဆုံး အတိတ်ကလည်း ပျက်ခဲ့ပြီ အခုလဲပျက်တုံး။ ပျက်တာဘဲသိနေသေးတယ်၊ အနာဂတ်လဲ ပျက်တာသိလိမ့်အုံး မယ်၊ အဲဒီတော့ ပျက်တာရှိလို့ရှိရင် မပျက်တဲ့သဘော ရှာရလိမ့် မယ်။ ရှာရမယ်လေ ပျက်တာရှိရင် မပျက်တဲ့သဘော ရှိရမည်။ အဲဒီတော့ ဒကာမကြီးတွေ ဘယ်လိုကြည့်လိုက်မလဲ။ အဇ္ဈတ္တ သဏ္ဍာန်က ဒီပေါ်ကကြီးပေးတာ ဒီဝေဒနာပေါ်က ဒုက္ခ

WWW.DHAMMARANSI.COM

ဝေဒနာပေါ်ကကြီးပေးတာ ဒီဒပေါ်ကကြီး စိတ်တွေပြောင်းပေးတာ ဒီပြင်က ပြောင်းတာ မဟုတ်ဘူး၊ အပြင်ကရှာတဲ့ တရားမျိုးမဟုတ်ဘူး။ ဝိပဿနာဆိုတာ ခန္ဓာကိုယ်တွေ ဥာဏ်မြင်၊ ပညာမြင် ဒီပြင်ကရှာတဲ့တရားတွေ မဟုတ်ဘူး။ စာအုပ်ထဲကလဲ ရှာတာ မဟုတ်ဘူး၊ ခန္ဓာကရှာတာ။ အဲဒီတော့ အပျက်တဘက်ထဲဖြစ်နေတော့ အပျက် ကောက္ကဒါဟာညီနေတဲ့စိတ်ကနေပြီးတော့ သဘော ပြောမယ်။

ဘယ်လိုပြောမလဲဒကာမကြီးတော့ ကြည့်စမ်း ဒကာမကြီးတွေ စိတ်ကလေး တည်နေပြီလေ။ ကောက္ကဒါစိတ်ကနေပြီး ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်းလို့ရပါမလားဆိုတဲ့ဥစ္စာ ဟိုကထဲကပြောင်းလာခဲ့တာ တင်းတာအစ၊ တင်းတာအလယ်၊ တင်းတာအဆုံးနေပြီးတော့ စိတ်တွေ ဒီစိတ်ကနေပြီး ဖြစ်လာလို့ တည်ပလား။ တည်လို့ရှိရင် ဒီစိတ်ပြောင်းလိုက်စမ်း။ ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်းပစ်လိုက်တာနော် ဒီစိတ်က ဖြစ်တာပျက်တာ ဖြစ်တာပျက်တာကနေပြီးတော့ အပျက်တခုထဲ ပြောင်းပစ်လိုက်တယ်။ အပျက်တခုထဲ ဖြစ်နေတယ်။ ငါ့ဒယာဂီတော့ စိတ်တွေပြောင်းလို့ရပြီ ငါအလျင်အမြန် အနတ္တထိုးပြလေမှာ။ ဘုရားက အနတ္တလက္ခဏာတရားဟောတာမဟုတ်လား။ အရေးအကြီးဆုံး အဲဒီတော့ ယောဂီအနတ္တလက္ခဏာကိုပြပြီ၊ သဘာဝလက္ခဏာကိုပြပြီ စာထဲ သဘာဝလက္ခဏာ သဘာဝလက္ခဏာ လူတိုင်း လူတိုင်း ပါးစပ်ဖျားမှာ သဘာဝလက္ခဏာ သာမညလက္ခဏာပြောတယ် မဟုတ်လား ပြောကြတယ်နော်။

သဘာဝလက္ခဏာ၊ သာမညလက္ခဏာ။ သဘာဝလက္ခဏာ ဆိုတာ ဘာလဲလို့ ဆိုရင်တော့ သူတို့ကိုမေးလို့ရှိရင် ပြောနိုင်မှာ

မဟုတ်ဘူး။ အားထုတ်တဲ့ ပုဂ္ဂိုလ်တော့ ပြောနိုင်တယ်နော်။ အဲဒီတော့ သဘာဝလက္ခဏာဆိုတာ အနတ္တလက္ခဏာ သဘာဝတရား သဘာဝတရားက ပစ္စုပ္ပန်သဘာဝရှိတယ်။ သဘာဝရှိတာက အနတ္တတရား ဘုရားက ဒီရုပ်နှင့်ဒီနာမ်၊ ဒီရုပ်နဲ့ဒီနာမ် မမြဲတဲ့တရား၊ ဒီမမြဲတဲ့တရားက ဖြစ်ပျက်နေတဲ့တရား ဖြစ်ပျက်နေတဲ့တရား ပညတ်ပြောနေတာ ဖြစ်ပျက်နေတာက မမြဲတာဘဲ မမြဲတာဘဲ။ မမြဲတာကလဲ ရုပ်နှင့်နာမ်၊ ရုပ်နာမ်ကလဲအနတ္တ ဟော ပညတ်လိုပြောသွားတယ်ဗျ။ အဲဒီတော့ ပုဂ္ဂိုလ်တွေ လိုတိုင်းပါးစပ်ဖျား အနတ္တ၊ အနတ္တ၊ အနတ္တ၊ အနတ္တ ဒီအနတ္တကြီးဘဲပြောတယ်။ ဘုရားကပညတ်လို့ အနတ္တဆိုတာ သဘောတရားလေးဖြစ်ရမယ်။ဘယ်သဘောတရားလဲဆိုတော့ ရုပ်သဘောနှင့် နာမ်သဘော သဘောတရားဟာ သူ့သဘောဘယ်လိုလဲ၊ ပစ္စုပ္ပန်ကြည့်။ ဘုရားက အတိတ်ကိုလဲမတွေးနှင့်၊ မရောက်သေးတဲ့ အနာဂတ်လဲမမျှော်နှင့်၊ ပစ္စုပ္ပန်ပေါ်လာတဲ့ သဘောကိုကြည့်ဆိုတော့ သဘောကြည့်ရလိမ့်မယ်။

အဲဒီတော့ ဒကာမကြီးတွေ ဝိပဿနာပညာ ဖြစ်နေပြီ။ ကေက္ကဒါ စိတ်ရတော့ ဒီကေက္ကဒ္ဒါနေပြီး ဒီကေက္ကဒါ၊ အရိယာများဟာ စိတ်ပြောင်းနိုင်တယ်။ ဒကာမကြီး လှ နှင့်ထိုး မီးပုံရှို့လိုက်တော့ ပြောင်းနိုင်ပြီ။ ကေက္ကဒါစိတ်ဆိုတာ ပညာမီးပုံရှို့လိုက်တယ်ဒကာကြီးရဲ့ ဥပမာပြောတာပါ။ စိတ်ပြောင်းနိုင်ပြီ။ ကေက္ကတာစိတ်ရနေပြီ။ သိပ်ပူနေတယ်ဒကာကြီးရဲ့။ မီးတွေသိပ်ပူတယ်။ တော့ဟာလေး စိတ်ကလေး ပြောင်းထားလိုက်တယ်။ ကေက္ကတာစိတ်ခေါ်တယ် ဒီလိုမှမရဘဲနှင့် တခါထဲ အပယ်လေးဘက်ထောက်ရမည်သာမှတ်။ ဒါပြောင်းလာတဲ့စိတ်တွေပြောတာ

ယောက်ပုဂ္ဂိုလ်ကို ဒီလိုမှ မရဘဲနှင့် သေခါနီးဆဲဆဲ မောင်ကြီး လေးပါးက နာလိုက်တာ ကိုက်လိုက်တာနှင့် လူးလိမ့်ပြီးတော့ လေးဘက်ထောက်၊ ကျောခိုင်း၊ ခွေးတွေ၊ ဝက်တွေ နွား တွေဖြစ် ဒီအသိမျိုးကတော့ လူကိုင်း လူသေလို့ကတော့ လူတယောက်မှ မဖြစ်ဘူး။

ဘာကြောင့်လဲ၊ ပူတာကြီး၊ ကိုက်တာကြီး၊ နာတာကြီး၊ ဆင်းရဲတာကြီး၊ ချမ်းသာတာကြီး၊ ဒါဘဲ သိတယ်၊ ခလေးလဲ သိတယ်။ ဒီအသိမျိုးကတော့ ရေထဲကိုဖင်လျှောဆင်းပြီးငါးတွေ ဖြစ်မယ်နော်။ ဒီလိုမသိရဘူး။ ဝိပဿနာဉာဏ်၊ ဝိပဿနာစိတ်နှင့် သိရမှာ။ ဝိပဿနာပညာ ဖြစ်ရမယ်၊ ဝိပဿနာပညာကနေပြီး အနတ္တသဘောကရုံး မြင်ရမည်။ အနတ္တသဘောတရားကနေပြီး လောကုတ္တရာမဂ်ကို ကူးရမယ်။ သဘောပြောတာပါဗျ။ အဲဒီ တော့ သဒ္ဓါနှင့်ဟောတာပါ။ ဦးပဉ္ဇင်းက သဒ္ဓါဟောတာပါ၊ အပင်ပန်းခံဟောတာ၊ သိစေချင်လွန်းလို့ပါ။ ပုဂ္ဂိုလ်တွေ လေးဘက်ထောက်ပြီး၊ မိုးကိုကျောခိုင်းပြီး ခွေးတွေ၊ ဝက်တွေ ဖြစ်မှာစိုးလို့။

အခုဒီဦးပဉ္ဇင်းတို့ဘောကတော့ ဘာတွေစားနေသလဲဆိုတော့ ပဲတွေရိုးဒီသီးတွေ ဘာတွေစားတယ်။ ရန်ကုန်မြို့ကတော့ ငါး တွေ၊ ကြက်သားတွေသာ စားတယ်။ မသိဘဲနှင့်စားရင်မိုးကျော ခိုင်းမှာချည်းဘဲ မသိဘဲနှင့်စားရင်မိုးကျောခိုင်းမယ်မှတ်။ အရသာ ခံစားရင် မိုးကျောခိုင်းမည့်ပုဂ္ဂိုလ်ကြီးဘဲ။ အဲဒီတော့ ဘုရားက ရုပ်နှင့်နာမ်၊ အနတ္တလို့ဟောတယ်။ ရုပ်နှင့်နာမ်အနတ္တတဲ့။ ဒီရုပ်နဲ့ ဒီနာမ်ဟာတဲ့ မမြဲတဲ့တရား မမြဲတဲ့တရားဟာ ဖြစ်ပျက်တယ်တဲ့။ အဲဒီတော့ ဒီအနတ္တလဲ လွတ်ရမည် ဘုရားဟောတဲ့ အနတ္တလဲ

လွှတ်ရမည်။ ရုပ်နှင့်နာမ်နှင့်လဲလွှတ်ရမည်။ မမြဲတယ်ဆိုတဲ့ ဘုရားဟောတဲ့ ပညတ်ကြီးကို မမြဲသာလဲ လွှတ်ရမည်။ ဘုရား ပြောတဲ့ ဖြစ်ပျက်နေတယ်ဆိုတဲ့ ပညတ်ကြီးကိုလဲလွှတ်ရမယ်။ ကဲ ဘယ်လို နှလုံးသွင်းရမလဲ။

ပစ္စုပ္ပန်ကြည့်ပြီး၊ ယောဂီကိုတင်ပေးတယ်။ ဒကာမကြီးတွေ ဘာသာလို တင်ပေးလိုက်တယ်။ ဒကာမကြီးတွေ အဲဖြစ်တာတွေ ပျက်တာတွေ မသိနိုင် ဘယ်လိုသိရမလဲ စိတ်ပြောင်းပြီ။ အဲဒီ ခန္ဓာထဲက ဘာသာလိုပြောင်းပေးလိုက်တယ်။ တင်းလာ လိမ့်မယ် တင်းတာကနေပြီး တောင့်လာလိမ့်မယ်၊ တောင့်တာက နေပြီး ထုံလာလိမ့်မယ်၊ထုံတာကနေပြီး ကျင်လာလိမ့်မယ်၊ကျင်တာက နေပြီး အောင့်လာလိမ့်မယ်၊ အောင့်တာကနေပြီး ကိုက်လာလိမ့် မယ်၊ကိုက်တာကနေပြီ၊ကြွပ်လာလိမ့်မယ် ကြွပ်တာကနေပြီး ယိုကျ လာလိမ့်မယ်၊ယိုကျတာကနေပြီး ပူလာလိမ့်မယ်၊ ပူတာကနေပြီး အေးလာလိမ့်မယ်၊ အေးတာက နေပြီး တွန်းလာ လိမ့်မယ်၊ တွန်းတာကနေပြီး ကန်လာလိမ့်မယ်။ အဲဒီတွန်းတယ် ကန်တယ် ဖြစ်တယ် ပျက်တယ်၊ အဲဒါတွေ မသိနဲ့တော့ တခုပြီးတခု သူ့ သဘောကို ကြည့်လိုက်စမ်း။

**ဘယ်လိုလဲ "ရုပ်၏အစဉ်တစိုက်တခုပြီးတခုပြောင်းလွဲနေတဲ့သဘောကိုကြည့်လိုက်စမ်း"** ဒီမှာကြည့်လိုက်တော့ ဟိုဘက်ကနေပြီး ဒီဘက်စိတ်ကို ပစ္စုပ္ပန် စိတ်ကလေးကို ကြည့်လိုက်တော့ ရုပ်တွေပြောင်းနေတာပေါ့၊စိတ်ကလေးပြောင်း လိုက်တာသမာဓိ အရှိန်တွေကောင်းလာလို့ဒီလိုမှတ်မပေးနိုင်လို့ရှိ ရင်အနတ္တဆိုတာဘယ်လိုဟာလဲလူဘိုင်းပါးစပ်ပျားလေးမှာအနတ္တ

WWW.DHAMMARANSI.COM

အနတ္တ၊ အနတ္တတွေ များနေတယ်။ အနတ္တ တကယ် သိလို့ရှိရင် ပစ္စုပ္ပန် ဘာကိုသိရမလဲ။ အနတ္တသညာ လွတ်ပြီးတော့ ဘာကို အနတ္တပြောစမ်းဆိုရင် တဖြည့်တော်တို့ ဘုရား အဇ္ဈတ္တသန္တာန် ထဲက ခန္ဓာအစဉ်တစိုက် **"ရုပ်၏ ဝိပရိဏာမ ပြောင်းလွဲ ဖောက်ပြန်နေတဲ့ သဘောတရားတွေ တွေ့နေတယ် ဆိုရင် အနတ္တမြင်ပြီ**။ ဒီလိုမှမသိဘဲနှင့်အနတ္တဖြစ်ပျက်၊ သင်္ခါရ ရုပက္ခဉာဏ်၊ ဥဒယဘယဉာဏ်၊ ဘင်္ဂဉာဏ်ဆိုတာ ဘုရားဟောတဲ့ ဉာဏ်တွေ လျှောက်ပြောနေတယ်။ သူလဲ မသိဘူးနော်။ တဝယ့် ပစ္စုပ္ပန်သိမှာက အနတ္တဂရုက ခန္ဓာမှာ သဘော တရားလေး ဘယ်လိုသဘောတရားလဲရုပ်သဘောကိုသိရမည်။ ဘယ်လိုပြောင်း လွဲနေတဲ့ သဘောလဲ။ တင်းတာကပေါ်လာတယ်။ တောင့်တာက ပေါ်လာတယ်။ တခုပြီးတခု၊ တခုပြီးတခု အစဉ်တစိုက် ခန္ဓာထဲက ရုပ်တွေ ပြောင်းလဲနေတယ်။ တင်းရုပ်ကပေါ်၊ တောင့်ရုပ်ကပေါ် တင်းရုပ်ပေါ်လိုက် နောက်တောင့်ရုပ်ပေါ်လိုက် တောကြာထုံရုပ် ပေါ်လာလိုက်၊ သတ္တဝါမဟုတ်ဘူး၊ အနတ္တသဘောလေး တင်ပေး လိုက်ဘာ။ အဲသေသလား၊ သေရင်တော်တော်ကြာလျှင် ပုတ်သွား မှာပေါ့။ ဒီခန္ဓာကြီးဟာ မသေဘူး အစဉ်တစိုက် ရုပ်တွေဟာ ပြောင်းလွဲသည့်သဘောတရားဟာ အနတ္တသိရမှာက ပြောင်းလွဲ ခြင်း သဘောတရားလေး သိနေတယ်။

ဩော် ဘုရားက ဟောထားတယ်။ ဓာတ်ကြီးလေးပါးကလဲ တင်းတယ်၊ တောင့်တယ်၊ ထုံတယ်၊ ကျင်တယ် အောင့်တယ် ဆိုတာ ဓာတ်၏သဘော၊ ဓာတ်လဲမသိဘူး၊ ရုပ်လဲမသိဘူးဗျ။ အခုတော့ "ဓာတ်ဆိုတဲ့ ဥစ္စာဟာ ဘယ်ဟာလဲ။ ဘုရားက ဟောထားတာက တင်းတာလဲဓာတ်၊ တောင့်တာလဲဓာတ်၊ ထုံတာလဲဓာတ်

WWW.DHAMMARANSI.COM

အောင့်တာလဲဓာတ်၊ အခုတော့ မရှိတဲ့ပညတ်။ အဲဒီတင်းတာ၊ တောင့်တာ၊ ထုံတာ၊ ကျင်တာဘဲသိတယ်။ ဓာတ်ကိုတော့ သိတာလားတဲ့ မသိဘူး။ ဓာတ်ကိုသိရမှာ အဲဒီဓာတ်ကိုသိရမှာ ပေါ်တဲ့သဘောတရားကဓာတ်တဲ့တင်းတာပေါ်လာတာကဓာတ် တောင့်တာပေါ်လာတာကဓာတ်၊ ထုံတာပေါ်လာတာကဓာတ်၊ ပညတ်လိုပြောတာဓာတ်ဘဲ၊ ပေါ်လာတဲ့ သဘောတရားကဓာတ် ပူတယ်၊ အေးတယ်၊ လှုပ်တယ် ဆိုတာကဓာတ်၊ ပညတ်လို ပြောတယ်။ နှစ်လုံးနှင်လုံး ပြောသွားတယ်။ အဲဒီ သဘောတရားဟာ ဘာလဲ။ ပြောပြန်ပြီ။ ရုပ်၏သဘောတရားကို ကြည့်လိုက်တယ်။ ရုပ်ဆိုတဲ့ သဘောတရားဟာအစဉ်တစိုက်ပြောင်းလဲနေတဲ့သဘောဟာရုပ်**အခုတော့ပူတာရုပ်လို့ပြောတယ်**နော်။ဘုရားက ဟောတယ် ဝိပရိနာမ ပြောင်းလဲ ဖေါက်ပြန်တယ်တဲ့၊ ပညတ်လို ပြောတာ ဘယ်လို ဝိပရိနာမပြောင်းလဲ ဖေါက်ပြန်သလဲဆိုတော့ စာက စာအမှန်နော် မှန်လိုက်တာမှ သွေးကိုထွက်ရောနော်။ အဲဒီတော့ ဝိပရိနာမပြောင်းလဲဖေါက်ပြန်တယ်ဆိုတော့ ခန္ဓာမှာတခုပြီး တခု ပြောင်းလဲမနေဘူးလား။ ပြောင်းလဲတဲ့ သဘောတရားဟာ သဘာဝလက္ခဏာ အစဉ်တစိုက်ပြောင်းလဲနေတယ်။ ဒကာကြီးတို့ ခန္ဓာမှာ ငြိမ်သက်စွာနေလို့လား၊ တော်တော်ကြာ လှုပ်လိုက်၊ တော်တော်ကြာရွဲ့လိုက်၊ တော်တော်ကြာပြင်လိုက်နဲ့ အစဉ်တစိုက် ပြောင်းလဲခြင်း သဘာဝလက္ခဏာ၊ သြော် ရုပ်ဆိုတဲ့ သဘောတရားဟာ ဘုရားက မမြဲတဲ့သဘောတရားဆိုတာကို ပြောင်းလဲနေတဲ့ သဘောတရားဟာ မမြဲတဲ့တရားလို့ ပြောတာပါလား။ ဖြစ်ပျက်ဆိုတာလဲ ဉာဏ်လို ပြောတာပါလား။ သဘာဝတရားကတော့ ရုပ်အစဉ်တစိုက်ပြောင်းလဲ၊ ပြောင်းလဲ၊ ပြောင်းလဲနေ

WWW.DHAMMARANSI.COM

တတ်တဲ့သဘော သဘာဝကလေး ရှိပါလား၊ သဘောမသိဘူးလား၊ သိပြီ ဒါရုပ်သဘောသိတာ။

နာမ်သဘောကြည့်လိုက်သေးတယ်။ နာမ်၏ သဘောကရော ဘယ်လိုလဲတဲ့။ နာမ်လို့တော့ ဘုရားကပညတ်လိုတော့ခေါ်ဝေါ်ပြီ နာမ်၏သဘောကဘာလဲဆိုတော့ နာမ်၏သဘော ပြန်ကြည့်တယ် နာမ်သဘောကြည့်ပြန်တော့ ဩော် တင်းတာပေါ်လဲ သူညွှတ်လိုက်တယ်။ ထွက်ထွက်ပြီး သိလိုက်တယ်။ တောင့်တာ ပေါ်လဲ သိတယ်၊ ထုံ တာပေါ်လဲသိတယ်၊ အောင့်တာပေါ်လဲ သိတယ်၊ ကိုက်တာပေါ်လဲသိတယ်။ ကြွပ်တာပေါ်လဲသိတယ်။ ပူတာပေါ် လဲသိတယ်။ ဩော်နာမ်လို့ဘုရားကဟောထားတယ်ပညတ်လိုခေါ် ဝေါ်တယ်။ နာမ်၏သဘောဟာ သူ့သဘောဟာ ဘာလဲ "ရုပ် အပေါင်းကို သူကညွှတ်တတ်တဲ့ သဘောလေးပါလားလို့ဆိုတာ" ရုပ်အပေါင်းကို ညွှတ်တတ်တဲ့ သဘောလေး မသိဘူးလားနာမ်၏ သဘာဝလက္ခဏာက ရုပ်အပေါင်းကို ညွှတ်တတ်တဲ့ သဘောလေး ခန္ဓာကတွေ့သွားပြီ။ ဩော် ရုပ်ကလဲ ပြောင်းလဲတဲ့ သဘာဝတရား နာမ်ကလဲရုပ်အပေါင်းကို ပြောင်းလဲပြီး ညွှတ်တတ်တဲ့ သဘာဝ တရား။ အဲ ပြောင်းလဲပြောင်းလဲညွှတ်တတ်တဲ့သဘောတရား။

အဲဒီတော့ အဇ္ဈတ္တသန္တာန်ကနေပြီး ဒီသဘောလေးတင်ပေး လိုက်တော့ ဗဟိဒ္ဓကျပြန်တော့လဲ ကြည့်လိုက်ကြစမ်း၊တင်ပေးပြီး သဘောလေးကိုအဲသန္တာန်တွေလဲ ပြောင်းလဲနေတာတွေ့ရလိမ့်မယ် အဆင်းတွေကလဲ ဒီထဲတွင် ညိုတာတွေ၊ ဖြူတာတွေ၊ ဝါတာတွေ၊ ကျက်တာတွေ အဆင်းကလဲ ပြောင်းလဲပြီးတော့ မျက်စိကလည်း မြင်နေတယ်။ မျက်စိပသာဒ အကြည်ဓာတ်ကိုလဲ ပြောင်းလဲမြင် တတ်တယ်။ အဆင်းတွေကလဲ ပြောင်းလဲနေတယ်။ သန္တာန်တွေက

WWW.DHAMMARANSI.COM

လဲ ပြောင်းလဲနေတယ်။ ရုပ်ဆိုတာ အစဉ်တစိုက် ပြောင်းလဲခြင်း သဘာဝတရား၊မျက်စိကလဲပြောင်းလဲ မြင်တတ်တဲ့ သဘာဝတရား၊ နာမ်ကလဲ ပြောင်းလဲပြီးတော့ မျက်စိပေါက်က ထွက်ထွက်ပြီး ပြောင်းလဲပြီး ရုပ်အပေါင်းအဆင်းကိုလဲ ညွတ်တယ်။ သဏ္ဍာန် ကိုလဲညွတ်တယ်။ အဲ အကုန်လုံး ရုပ်အပေါင်းကို ညွတ်တတ်တဲ့ သဘောလေးဘဲရှိတယ်။ အဲဒီတော့ သိမသွားဘူးလား။ သဘော လေး။ ခြေဘ် အသံတွေကလဲ အဲပြောင်းလဲနေပါလား။ ခွေးသံ၊ ဝက်သံ၊ ကြက်သံ၊ ဘဲသံ၊ ဒကာမအသံ၊ ဗိုလ်မှူးကြီးအသံ ဆိုတာ ပညတ်တရား၊ အသံ၏သဘာဝတရား၊ ပြောင်းလဲတတ်တဲ့သဘာဝ တရား၊ နားကလဲအသံတခုပေါ်လာမှ ပြောင်းလဲကြားတတ်တဲ့ သဘာဝတရား၊ နားကလဲ အသံကို ပြောင်းလဲ ညွတ်တတ်တဲ့ သဘောတရား၊ သဘာဝလက္ခဏာ သိသွားပြီနော်၊ သိသွားပြီ မဟုတ်လား။

တံခါးခြောက်ပေါက်က အာရုံခြောက်ပါးနှင့်တိုက် ခိုက်တိုင်း တိုက်ခိုက်တိုင်း၊ မျက်စိပေါက်ကလဲနာမ်က ပြောင်းလဲ ညွတ်တတ်တဲ့သဘာဝ၊ ရုပ်ကလဲပြောင်းလဲတတ်တဲ့သဘာဝ၊ နာမ် ရုပ်နှစ်ပါး ပြောင်းလဲခြင်းသဘာဝတရားပါလား၊ မသိဘူးလား သိသွားတော့ ရုပ်ကလဲ ပြောင်းလဲနေတဲ့သဘာဝ နာမ်ကလဲ ရုပ် အပေါင်းကို ပြောင်းလဲ ညွတ်တတ်တဲ့ သဘာဝဆိုတော့ အဲဒါ နာမ်ရုပ် ကွဲမသွားဘူးလား။ အဲဒါနာမရူပပရိစ္ဆေဒဉာဏ်၊ယထာ ဘူတဉာဏ်၊ သန္ဓိရူပကဉ္စဉာဏ်၊ အခုပူတာကရုပ်၊ သိတာနာမ် ဆိုတော့ ခလေးလေးလဲ သိတယ်။ နာမရူပပရိစ္ဆေဒဉာဏ် ဆိုဒါ ဘာလဲတဲ့။အနတ္တမြင်တာ၊ လက္ခဏာမြင်တာ၊ သဘာဝလက္ခဏာ

WWW.DHAMMARANSI.COM

မြင်တာ အဲဒါယထာဘူတဉာဏ်တဲ့။ယထာဘူတဉာဏ်ဆိုဒါ အမှန်မြင်တာ။ ပစ္စုပ္ပန်ကို မြင်နေတာ။

ဩော် ပြောင်းလဲ ပြောင်းလဲ ပြောင်းလဲတတ်တဲ့ သဘော ပြောင်းလဲပြီး ညွှတ်တတ်တဲ့သဘော၊ မျက်စိကလဲ ပြောင်းလဲမြင်တတ်တဲ့ သဘော သဘောလေး မြင်နေပြီနော်။ ကဲ ဖြစ်ပျက်ရှိသေးလား။အနတ္တဆိုတာ ရှိသေးလား၊ ဘုရားမမြဲတာ ရှိသေးလား၊ဘုရားဖြစ်ပျက်ဖြစ်ပျက် ဖြစ်ပျက်ဆိုတာ ရှိသေးလား။ အဲဒါဘာလဲ။မဂ်မဟုတ်သေးဘူး၊ အနတ္တမြင်တာရှိသေးတယ်။ အဲနာမရူပ ပရိစ္ဆေဒဉာဏ်၊ သင်္ခါရုပက္ခာဉာဏ်၊အဲဒါဖြစ်ပျက်ချေနင်းလိုက်ပြီ၊ ဖြစ်ပျက်သုဉ်းဆိတ်သွားပြီ၊ ဘာပေါ်မှာတင်လဲ ရုပ်နှင့်နာမ်ပြောင်းလဲတဲ့ သဘောတရားလေးပေါ်မှာ တည်နေပြီ၊ရုပ်နာမ်မလွတ်သေးဘူး။သဘောရုပ်နာမ်ဖြစ်နေပြီ၊ဖြစ်ပျက်ချုပ်သွားပြီးဖြစ်ပျက် ချုပ်မသွားဘူးလား၊ဖြစ်ပျက်လဲ ချုပ်ရမယ်တဲ့၊ ဝေဒနာချုပ်ရမယ်တဲ့၊ ရုပ်နာမ်ချုပ်ရမယ်တဲ့။

အခု ရုပ်နာမ်သဘာဝလက္ခဏာမြင်နေပြီ။ မြင်လိုက်တဲ့အချိန်အခါ ရုပ်၏ပြောင်းလဲခြင်းသဘာဝတရား၊ မျက်စိကလဲ ပသာဒအကြည်ရုပ်ကပြောင်းလဲပြီးမြင်တတ်တဲ့သဘာဝတရား၊နာမ်ကလဲပြောင်းလဲညွှတ်တတ်တဲ့ သဘာဝတရား၊ တခုတည်း စိတ် စိတ်တခုတည်း၊ နာမ်ရုပ်နှစ်ပါး ပြောင်းလဲတဲ့ သဘာဝတရား မြင်နေပြီ။ အဲဒါမှ အနတ္တခေါ်တယ်။ ဘုရားက ပညတ်လို အနတ္တပညတ်အနတ္တ မြင်ရတာက ပြောင်းလဲတဲ့ သဘောတရား သူ့ဟာသူ ပြောင်းနေတာ၊ သူ့ဟာသူ ပြောင်းပြီး ညွှတ်နေတာ၊ သူ့သဘော မဟုတ်လား။သူ့သဘောက ဘာလဲတဲ့၊ ပြောင်းလဲခြင်းသူ့ဟာသူ ပြောင်းလဲညွှတ်တတ်တာက သူ့ဟာသူပြောင်းလဲမြင်

WWW.DHAMMARANSI.COM

နေတာက သူ့ဟာသူ၊ သူ့ဟာသူတဲ့ မဟုတ်လား၊အဲဒါဘာလဲတဲ့ ဘုရားက သဗ္ဗေ ဓမ္မာအနတ္တာ မျက်စိက အနတ္တာမြင်နေပြီ၊ အတ္တ ရှိသေးသလားနော်။

ရုပ်နှင့်နာမ်နှင့် ယထာဘူတဉာဏ်ရယ်၊ သင်္ခါရုပေက္ခာ ဉာဏ်ရယ် နာမရူပပရိစ္ဆေဒဉာဏ်ရယ် အဲဒီဉာဏ်ဘဲရတယ်။ ဒီပြင်ဟာတွေ မရွတ်တတ်ပါဘူးနော်။ ယောဂီတွေ ကျင့်ကြံအားထုတ်တဲ့ ယောဂီတွေ၊ နာမ်ရုပ်ကွဲတဲ့ ပုဂ္ဂိုလ်တွေ သိမှာပေါ့။ အနတ္တာမြင်နေတဲ့ ပုဂ္ဂိုလ်တွေ အနတ္တာ အနတ္တာဆိုတာ ဘယ်လိုမြင်တာလဲ၊သဘောကို သိရဲ့လား။ ဒါယောဂီတွေက များလာပြီ မဟုတ်လား။ အဲဒီတော့ အနတ္တာမြင်ပုံ ဘုရားဟောတဲ့ အနတ္တာမမြင်ရ၊ မသိရဘူး ဘုရားဟောတာက ပညတ်အနတ္တာ၊ ကိုယ်မြင်ရမှာက ပစ္စုပ္ပန် မြင်တဲ့သဘောတရား၊ ရုပ်သဘော နာမ်သဘော၊ သူ့သဘောသူ ဘယ်လိုလဲ၊ ရုပ်သဘောက ဘယ်လိုလဲ၊ နာမ်သဘောကဘယ်လိုလဲ၊မြင်တတ်တဲ့ ပသာဒအကြည်ရုပ်ကဘယ်လိုလဲ သူ့သဘောတွေ အကုန်သိနေရမယ်။

အဆင်းသဘောတွေက ဘယ်လိုလဲ၊ အသံ သဘော တွေက ဘယ်လိုလဲ၊ အနံ့ သဘောတွေက ဘယ်လိုလဲ၊ ရသာသဘောတွေက ဘယ်လိုလဲ၊ အတွေ့သဘောတွေက ဘယ်လိုလဲ၊ ဓမ္မသဘောတွေက ဘယ်လိုလဲ၊မျက်စိပသာဒ အကြည်သဘောတွေက ဘယ်လိုလဲ၊ နားပသာဒ အကြည်သဘောတွေက ဘယ်လိုလဲ၊ နှာခေါင်း ပသာဒအကြည်ရုပ် သဘောတွေက ဘယ်လိုလဲ၊ လျှာပသာဒ အကြည်ရုပ် သဘောတွေက ဘယ်လိုလဲ၊ ကိုယ်ပသာဒ အကြည်ရုပ်သဘောတွေကဘယ်လိုလဲ၊ မနောပသာဒ အကြည်ရုပ် သဘောတွေက ဘယ်လိုလဲ။အဲဒီရုပ်အပေါင်းတွေကို အကုန်မသိ

WWW.DHAMMARANSI.COM

ဘူးလား။ ဒီလိုမှမသိဘဲနှင့် ရုပ်နာမ်သိတယ်လို့ ခေါ်နိုင်မလား၊ အပါယ်လွတ်ပါ့မလား၊ အဲဒါဘာလဲ အနတ္တလက္ခဏာဉာဏ်ရပြီ။ နိဗ္ဗာန်မပါသေးဘူး။ မဂ်မဟုတ်သေးဘူး၊ **လောကီကြားနှင့် လောကုတ္တရာကြားနေသေးတာ၊** မကူးသေးဘူးဗျာ ရုပ်နာမ်ပေါ်မှာရှိသေးတယ် ရုပ်နာမ်ဖြစ်နေတယ် ရုပ်နာမ်ဖြစ်နေတာ သေသေချာချာ ဘာသာလိုပြောတာ။

ပါဠိလို မရွတ်တတ်လို့၊ ပါဠိကလဲ သူများ အတိတ်ကလဲ ဦးပဉ္ဇင်းတို့က ပါဠိသံတွေနားလာခဲ့တော့ ရွတ်တော့ရွတ်ချင်တယ်။ မရွတ်တတ်လို့ပါဗျာ။ ပါဠိလိုသိပ်ရွတ်ချင်တာဘာကြောင့်လဲ၊ အတိတ်ကဘုံးက ဦးပဉ္ဇင်းတို့ဆရာတော်ကြီးတွေကလဲ ပါဠိလို ရွတ်သံတွေနားလာရတော့ ဦးပဉ္ဇင်းကလဲ ပါဠိလိုရွတ်ချင်တယ်၊ ဒကာ မတတ်လို့ ယသာနုဘာဝတော၊ ဒီမှာမဖတ်တတ်လို့၊ အခုဆွမ်းစားပင့်လို့ရှိရင် ပရိတ်များ ရွတ်ရအုံးမှာလားဗျာလို့ မေးရတယ်၊ ဦးပဉ္ဇင်းကိုခေါ်တဲ့ပုဂ္ဂိုလ်တွေကြတော့ မရွတ်ရပါဘူးဘုရားတဲ့၊ အဲဒီတော့ တပည့်တော်တို့ ပရမတ် အာရုံ ပြုပါတယ် ဘုရားလို့ ပြောတယ်၊ အဲဒီတော့မှ လိုက်တာ ဒကာကြီးရဲ့၊ ပရိတ်ရွတ်ရတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် ဦးပဉ္ဇင်းက အရှက် ကွဲမှာစိုးလို့ မလိုက်ဘူး။ ပရိတ်ရွတ်ပါအုံးဆိုရင်ခက်တယ်၊ ယသာနုဘာဝတော ဆိုမှ မဆိုတတ်ဘဲနဲ့၊ အဲဒီတော့ မလိုက်ဘူး၊ ငါးပါးသီလလဲ ပေးရသေးတယ်၊ ဒီလိုတောင်းယူမှ ရတယ်ထင်တာကိုး၊ ဒီအဲတော့ သီလပေးတတ်တဲ့ ပုဂ္ဂိုလ်ကိုခေါ်လာရတယ်။

အဲဒီတော့ ယောဂီမှာ၊ အပျက်နယ်ကြီးကနေ မဖြစ်မပျက်တဲ့ နယ်ကို သဘောတင်ပေးလိုက်ပြီ။ ရုပ်အနတ္တ၊ နာမ်အနတ္တ မြင်သွားပြီ၊ မြင်သွားတော့ ကဲ ကြားထဲမှာ သင်္ခါရနယ်နဲ့ လော

WWW.DHAMMARANSI.COM

ကုသ္ဘာချနယ် နှစ်နယ်ကြားထဲ ရောက်သွားပြီ၊ အနုတ္တာနယ်ဆိုတာ သက်သက်စီ၊ သင်္ခါရနယ်ဆိုဘာ ပဋိစ္စသမုပ္ပါဒ် လည်နေတဲ့တရား ပဋိစ္စသမုပ္ပါဒ် လည်နေတဲ့တရားက သင်္ခါရ၊ အခုဟာက အနုတ္တာ၊ တရားက ဓမ္မသဘော၊သူ့သဘောမြင်နေပြီ၊ လောကုတ္တရာမဂ်နှင့် လောကီကြားထဲ ရောက်နေပြီ၊ လောကုတ္တရာမဂ်နှင့် လောကီ ကြားထဲရောက်နေပြီ၊ ကူးတော့မယ်၊ ဟိုဘက်ကို အနုလောမ တံတားခင်းမယ်၊ အနုတ္တာသဘာဝမြင်နေပြီ။

မြင်တာလဲ သူ့သဘော မြင်တာလဲပြောင်းလဲပျက်တဲ့သဘော နာမ်နှင့် ရုပ်နှင့် နာမ်ပြောင်းလဲဘတ်တဲ့ သဘော၊ ရုပ်ကလဲ ပြောင်းလဲတတ်တဲ့သဘော၊ အသံတခုပေါ်လာမှ၊ နားကပြောင်း လဲပြောင်းလဲကြားတတ်တဲ့သဘော၊ နားပသာဒအကြည်ရုပ်နဲ့ အသံရုပ်နဲ့ထိမှန်လိုက်တဲ့အချိန်အခါမှာ၊ သိလုံးနာမ်တရားကပြောင်း လဲပြောင်းလဲညတ်တတ်တဲ့ သဘော၊ သဘောတွေ သိကုန်ပြီ၊ အဲဒီ တော့၊ မြင်တာလဲ ပြောင်းလဲ တတ်တဲ့သဘော၊ ကြားဒါလဲ ပြောင်းလဲတတ်တဲ့သဘော၊ နံတာလဲ ပြောင်းလဲ တတ်တဲ့သဘော၊ စားလိုက်တာလဲ ပြောင်းလဲတတ်တဲ့သဘော၊ အကုန် လုံးပြောင်း လဲတတ်တဲ့သဘောတွေဖြစ်ကုန်ပြီ၊ပြောင်းလဲဘတ်တဲ့သဘောတွေ ဖြစ်လာတော့ ကဲ လောကုတ္တရာ မဂ်ကူးကြစို့၊ ကူးတော့မယ်။ **"အနုလောမ တံတားခင်းမယ်" "မဂ်ကူးရင် တံတားဆို"** တံတား တံတား လူတိုင်း ပါးစပ်ဖျား အနု လောမတံတား၊ အနုလောတံတားပြောကြတယ်။

ကဲဘာသာလို အနုလောမတံတားခင်းမယ်စိတ်ကိုပြောင်းမယ်၊ စိတ်ကလေးပြောင်းတော့မယ် ခုနကတုန်းက ဟိုတုန်းကတော့ အနုလောမတံတားခင်းလာတာလား **တင်းတာစတင်းတာ**

WWW.DHAMMARANSI.COM

**အလယ်၊ တင်းတာအဆုံး** ဆိုတာပြောင်း၊ တင်းတာအစ တင်းတာအလယ်၊ တင်းတာအဆုံးက **ဖြစ်တာအစ၊ ဖြစ်တာအလယ်၊ ဖြစ်တာအဆုံး** ရုပ်ပြောင်းလာတယ်။ **ဖြစ်တာပျက်တာ** ကနေပြီးတော့တခါထဲကို **ပျက်တဲ့သဘော စိတ်တွေပြောင်းလာတယ်** တံတားခင်းလာအနုလောမတံတားဆိုဒါ အဲဒီစိတ်တွေပြောတာ၊ အနုလောမပါးစပ်ပြော၊ စာထဲကအနုလောမ၊ ဘာတွေမှန်းလဲမသိဘူး ငါကပြော အဲဒီတော့ဟိုကထွက်လိုတာနဲ့ သညာဘဲ၊ အလကားဘဲ၊ ဘာမျှမသိဘူး သညာဘဲ ခန္ဓာရှာထားတဲ့ ပုဂ္ဂိုလ်က စိတ်စစ်ထားဒါ၊ စိတ်စစ်ထားတော့ဟိုကအသံ ထွက်လိုက်တာနဲ့၊ သူဘာလဲ စာတွေပြောနေတာ၊ သူသညာဘဲ၊ အပါယ်မလွတ်သေးဘူး၊ မိုဃ်းကို ကျောခိုင်းရဦးမှာဘဲဆိုသိတယ်၊ ဘာကြောင့်လဲ သူပညာမှ မဟုတ်ဘဲ။

နို့ ဘုရားက ပညာရှိဆို၊ ပဏ္ဍိတဆို သစ္စာလေးပါးမြင်မှပဏ္ဍိဆိုတာ၊ ဒါဘယ်လိုဟာလဲ။ ပေါ့သေးသေးမလုပ်နဲ့။ သောတာပန်ကြီးတွေ၊ သဒါဂါမ်ကြီးတွေမှ အနာဂါမ်ကြီးတွေမှ ပဏ္ဍိတလေးကသုံးပါးမှ လွတ်မြောက်အောင်မြင်သူတို့ ရထား ထားဒါအရိယသစ္စာမြင်မှ ပဏ္ဍိတ။ အဲဒီတော့ တကာကြီးတို့လဲ ပဏ္ဍိတဖြစ်အောင်လုပ်ပေါ့ဗျာ။ အဲ ရအောင်လုပ်။ မလုပ်ဘဲနဲ့တော့ဟိုရောင်ရောင် ဒီရောင်ရောင်၊ ပုတီးရောင်ရောင် ဖေါင်းရောင်ရောင်နဲ့ လေးဘက်ထောက်ရမယ်မှတ် တကာကြီး။ နောက်ပိတ်ဆုံး သာသနာမှာ သေသေချာချာဟောမယ်။ တခါထဲ ယောဂီတွေ သဘောပေါက်အောင် ဟော ဦးပဉ္ဇင်းကကိုယ့်စိတ်ကိုယ်စစ်ထားလို့ဟော အနုလောမဉာဏ်နဲ့ မဂ်ကူးကြစို့ရဲ့။ ဘယ်လိုကူးမလဲတဲ့။ ခုနတုန်းက ပြောင်းလဲတဲ့သဘော၊ ရုပ်နဲ့နာမ်ပေါ် တည်

WWW.DHAMMARANSI.COM

နေတဲ့စိတ်၊အဲဒီနေရာကလွတ်ရဦးမယ်ဒကာကြီး။ရုပ်နဲ့နာမ်နဲ့ကနေပြီးဘယ်ကိုကူးသွားတယ်ဆိုတာတကာကြီးတို့သိဘို့ပြောမယ်နော်

ဘုရားက **ဖြစ်ပျက်ကိုလဲလွှတ်ရမယ်၊ရုပ်နဲ့ နာမ်ကိုလဲချုပ်ရမယ်** ဝေဒနာလဲချုပ်ရမယ်"တဲ့""ဝေဒနာချုပ်ရင်ခန္ဓာငါးပါးချုပ်တာ"ဟိုဘက်ကမ်းရောက်မှာကိုး၊အခုဟာ ရုပ်နဲ့နာမ်ပေါ်မှာ ရှိနေသေးတယ်၊ဖြစ်ပျက်ဘဲချုပ်သေးတယ်၊ရုပ်နာမ်ပေါ်မှာ **မျက်စိကလည်း ပြောင်းလဲ**တတ်တဲ့သဘော၊ နားကလဲပြောင်းလဲတတ်တဲ့သဘော၊ ဒါဘဲဖြစ်နေတယ်။ **ကဲ အနုလောမခင်းမယ်၊စိတ်ကို ပြောင်းတော့မယ်။ ကိုင်း စိတ်ကိုပြောင်းတော့မယ်**ဘယ်လိုပြောင်းမလဲ **အနု**လောမ တံတားခင်းပြီ မဂ်ကူးချင်လို့ မဂ်ကူးချင်တော့၊ အနုလောမတံတား ခင်းမယ်၊ ဘယ်လိုကူးမလဲ၊ ပြောင်းလဲတဲ့ သဘောကနေပြီး ဒီရုပ်ပြောင်းလဲတဲ့ သဘောကနေပြီး ရုပ်နာမ်ပေါ်ကနေပြီး ဆင်ခြင်ပြန်ပြီး၊ **ဩော် ရုပ်ကလဲ ပြောင်းလွဲတဲ့ သဘောတရား နာမ်ကလဲ ပြောင်းလွဲညွှတ်နေတဲ့ သဘောတရား နာမ်ရုပ်နှစ်ပါး တထပ်တည်းဖြစ်နေတာ ခံစားမှု သဘောတရား ဝေဒနာပါလား။ ဝေဒနာပြောင်းလိုက်ပြီနော်** ရုပ်နာမ်ကိုရှိသေးလား၊ ရုပ်နာမ် မရှိတော့ဘူး၊ တံတားရောက်သွားပြီ၊ တခါတည်းကူးမယ်၊ ဒီရုပ်နာမ် ပေါ်ကကူးသွားတယ်၊ ပြောင်းလဲတဲ့ သဘောတရား၊ ပြောင်းလွဲ ညွှတ်တတ်တဲ့သဘောတရား၊ **နာမ်ရုပ်နှစ်ပါး တထပ်တည်းဖြစ်နေဒါ ခံစားမှုပေါ်ဝေဒနက္ခန္ဓာ၊ဝေဒနာဘာလား** သဘောပြောင်းလိုက်ပြီ၊ အဲဒါ အနုလောမတံတား ခင်းပြီးတော့ တခါတည်း မဂ်စိတ်ကျသွားတယ်။

WWW.DHAMMARANSI.COM

ဝေဒနက္ခန္ဓာ၊ ဝေဒနာပေါ်တည်သွားပြီ၊ **ရုပ်နာမ်လွတ်မသွား** ဘူးလား။ "ပြောင်းလဲဒါ ရှိသေးသလား၊ နာမ်ရော ပြောင်းလဲလွတ်တတ်တဲ့သဘော ရှိသေးသလား၊ နာမ်ရုပ်မလွတ်သွားဘူးလား၊ဘယ်ပေါ်မှာကျန်၊ ဝေဒနာပေါ်မှာကျန်၊ **ဝေဒနာချုပ်ရဦးမယ်**မဟုတ်လား၊ အဲ ဝေဒနာ ချုပ်မှ သာလျှင် ဥပါဒါန်ရုပ် ချုပ်မှာကိုး၊ အဝိဇ္ဇာတဏှာ ဥပါဒါန်ဘဝရွတ်နေလို့ မရဘူး။ အခုတော့ ဒီလိုပြောနေတာတွေများတယ်၊ အဝိဇ္ဇာက ဘာလဲ၊ ဝေဒနာဘယ်လိုလဲဆိုတဲ့ဥစ္စာ အခု ရုပ်နာမ်ပေါ်ကနေပြီး ဖြစ်သွားပြီ၊ **ဝေဒနာရပ်သွားပြီ၊ ပဋိစ္စသမုပ္ပါဒ်လည်သေးလား၊ဖြစ်ပျက်ကြီးရှိသေးလား၊ ရုပ်နာမ်လဲ ရှိသေးသလား၊ ရုပ်နာမ်လဲ ရှိသေးသလား ပဋိစ္စသမုပ္ပါဒ်** ရပ်သွားပြီမဟုတ်လား။ အဲ ဝေဒနာရပ်နေပြီ၊ဝေဒနာတဏှာကူးလေးသလား။

မျက်စိပေါက်ကလဲ မြင်လိုက်တဲ့အချိန်အခါ ခံစားတဲ့သဘော ဝေဒနာ ဝေဒနက္ခန္ဓာသိနေပြီ၊ မျက်စိပေါက်ကလဲ **ဝေဒနက္ခန္ဓာ ဝေဒနာ**၊ ကြားလိုက်တဲ့အသံလဲ **ဝေဒနာ**၊ ကြားလဲ **ဝေဒနာ**၊ စားလဲ ဝေဒနာ၊ ထိဒါလဲ ဝေဒနာ၊ လှမ်းလိုက်တာလဲ **ဝေဒနာ**၊ လှမ်းတယ်၊ လှမ်းတယ်၊ လှမ်းတယ်မရှိဘူး။ ဝေဒနာ ချလိုက်တာလဲ ဝေဒနာ၊ ယိုလိုက်တာလဲ **ဝေဒနာ**၊ ပေါက်လိုက်တာလဲ ဝေဒနာ၊ ထိုင်ဒါတွေလဲ ဝေဒနာ၊ အိပ်တာလဲ ဝေဒနာ၊ အကုန် ဝေဒနာချည်းဘဲ။ အဲ မဂ်စိတ်ကျသွားပြီ။ **ဝေဒနာက နေပြီး** တဏှာမကူးတော့ဘူး အဲဒီတော့ မဂ်စိတ်ကျသွားပြီ။ ကဲ **ဝေဒနာ** ကနေပြီး တဏှာမကူးတော့ဘူး၊ တလောကလုံး ဘာရှိသလဲဆို တော့ ဝေဒနာဘဲ ရှိတော့တယ်။

WWW.DHAMMARANSI.COM

မြင်တာလဲ ဝေဒနာ၊ ကြားတာလဲဝေဒနာ၊ နံတာလဲဝေဒနာ စားတာလဲဝေဒနာ၊ ထိတာလဲ ဝေဒနာ၊ သိတာလဲ ဝေဒနာ၊ အဲ ထိုင်ဒါလဲ ဝေဒနာ၊ယိုတာလဲဝေဒနာ၊ ပေါက်တာလဲဝေဒနာ အိပ်တာလဲဝေဒနာ၊ အကုန်ဝေဒနာချည်း ဖြစ်နေပြီ။ ဝေဒနာ သိတော့ ဝေဒနာတွင် ရပ်နေပြီ၊ ဒုက္ခဝေဒနာတွင်ပေါ် ဝေဒနာ ရပ်နေပြီ၊ ဝေဒနာတွင်ရပ်နေတော့ "ဒီဝေဒနာတွေချုပ်ရဦးမယ်" အဲ ဝေဒနာတော့ချုပ်နေပြီ၊ မဂ်စိတ်ကျသွားပြီ။ ဝေဒနာတဏှာ မကူးတော့ဘူး။ တဏှာမကူးတော့ ဥပါဒါန် ဖြစ်သေးလား၊ ဥပါဒါန်မဖြစ်တော့ ဘဝ ဖြစ်သေးလား၊ ဘဝ မဖြစ်တော့ ဇာတိ ဖြစ်သေးလား။ အဲ ဝေဒနာတော့ ဝေဒနာတွင်ရပ်နေပြီ၊ တဏှာ မကူးတော့ဘူး။ အဲဒီတော့ မျက်စိကလဲ ဝေဒနာ၊နားကလဲဝေဒနာ နှာခေါင်းကလဲ ဝေဒနာ၊ ပါးစပ်ကလဲဝေဒနာ၊ ဝေဒနာတွင် ရပ်နေပြီ၊ ဝေဒနာဘဲသိတော့တယ်။ ဝေဒနာသိတော့ မဂ်စိတ်တော့ တခါတည်းကျသွားပြီ၊ မဂ်စိတ်ကျသွားရင် ဖိုလ်စိတ် ဖြစ်ကြစို့. "ဖိုလ်စိတ်ဆိုဒါ မေ့လျော့နေတာ မဟုတ်ဘူး။ ဖိုလ်စိတ် ဆိုဒါ တချို့မေ့နေဘယ်ပြောလို့ သောတာပန်က သူများထံ တောင်းရဦးမှာလား" အထူးတလည်လုပ်ပြီး ဖိုလ်စိတ်ဖြစ်အောင် လုပ်ရဦးမှာလား၊ သောတာပန်ပုဂ္ဂိုလ်ဟာ ငါအပါယ်လွတ်ပြီ၊ ငါမျက်စေ့ပေါက်ကနေပြီးတော့ ဖြစ်ပျက်လဲ ချုပ်ပြီ၊ဝေဒနာလဲ ချုပ်ပြီ၊ ရပ်နာမ်လွတ်နေပြီ၊ ကာလသုံးပါး ငါသံယောဇဉ်သုံးပါး လွတ်နေပြီဆိုဒါ သူမသိဘူးလား။အထူးတလည်လုပ်ပြီး ဘုရားကို တောင်းယူရအုံးမှာလား၊ အဲ သိရင် သောတာပန်၊ တောင်းမယူ ရပါဘူးဗျာ၊ အဲတောင်းယူလိုက်လို့ရှိရင် မဟုတ်သို့။ အဲဒီတော့ ဒကာကြီးတို့ မဂ်စိတ်ကျသွားပြီဗျ၊မဂ်စိတ်ကျသွားတော့ ဖိုလ်စိတ်

WWW.DHAMMARANSI.COM

ဖြစ်မယ်၊ ဖိုလ်စိတ် ဘယ်လိုဖြစ်မလဲတဲ့၊ **မျက်**စိတံခါး နားတံခါး၊ ပါးစပ်တံခါး၊ နှာခေါင်းတံခါး၊ ကေဂ္ဂတာစိတ် ရနေမှကိုးတဲ့၊ **ပြောင်းလိုက်ပြီ** ဘယ်လိုပြောင်းလိုက်သလဲ၊ ဝေဒနာ၊ မျက်စိကလဲ ဝေဒနာ၊ **ခန္ဓာထဲက**အဇ္ဈတ္တသန္တာန်က ဓာတ်ကြီးလေးပါး ပေါ်လာတာက တင်းတာလဲ ဝေဒနာ၊ တောင့်တာလဲ ဝေဒနာ၊ ထုံတာလဲ **ဝေဒနာ**၊ **အောင့်**တာလဲဝေဒနာ၊ ကိုက်တာလဲဝေဒနာ၊ ဝေဒနာတွင် ရပ်နေပြီ၊ **ဝေဒနာ တခုတည်း** ဖြစ်နေပြီ၊ အဲဒီ **ဝေဒနာက** နေပြီး စိတ်ပြောင်းတော့မယ်၊ **ဝေဒနာ** သိနေတဲ့ စိတ်နော်၊ ဪ ဆင်ခြင်လိုက်တယ် တကာကြီးရဲ့။ ဪ ဝေဒနာ။ **ဝေဒနာသည် နာမ်မပါလားဆိုပြီး၊ နာမ်စိတ် ပြောင်း၊ လိုက်တယ်။ အဲဒီနာမ်စိတ်ပြောင်းလိုက်တာ အရူပစိတ်ခေါ်တယ်၊ အရူပစိတ်ဆိုဒါ နာမ်တခုထဲ သိတယ်၊ ဝေဒနာက နေပြီး နာမ်စိတ်ကို ပြောင်း လိုက်တယ်၊ ရုပ်လွတ်သွားပြီနော်၊ ရုပ်လွတ်သွား**ပြီ၊ ခြေကျမှ ရုပ်**နာမ်**နှ**စ်**ပါးစုံ ချုပ်မှာနော်၊ စုံ ချုပ်**တော့**မယ်။ အဲဒီတော့ ရုပ်လွ**တ်သွား**ပြီ၊ ဝေ**ဒနာ**သည် **နာမ်ပ**ါလားဆို နာမ်စိတ်ဖြ**စ်သွား**ပြီ၊ အဲ မြင်**တာ**လဲ **နာမ်**၊ **ကြား**တာလဲ နာမ်၊ အဲ နံ**တာ**လဲ နာမ်၊ စားတာလဲနာမ်၊ **နာမ်**တခုထဲ ဖြစ်နေပြီ၊ အဲဒါ အရူပ**စိ**တ်ခေါ်တယ်နော်၊ ထိလို**က်**တာလဲ **နာမ်**၊ သိလိုက်တာလဲနာ**မ်**၊ ယို**တာ**လဲနာမ်၊ ပေါ**က်တာ**လဲနာမ်၊ ချ**တာ**လဲ နာမ်၊ နာမ်**တခု**ထဲ ဖြ**စ်**နေပြီ၊ **နာမ်**တခုထဲ ဖြစ်**နေ**တော့ အဲဒီ တော့ ဖိုလ်**စိတ်**ဖြစ်ပြီ။ **နာ**မ့်**တ**ခုထဲ**က**နေပြီးတော့ နာ**မ်**ဝေဒနာ **က**နေပြီး နာမ်စိတ်ပြောင်းလိုက်တော့ **ဝေဒနာ** သိသေးသလား **ဝေဒနာချုပ်သွားပြီ**၊ နာမ်စိတ် ဖြစ်နေတယ်။ ဖိုလ်စိတ် ဖြစ် အောင်လို့တံတားခင်းလိုက်တာ **ဝေဒနာသည်နာမ်ပါလား**

WWW.DHAMMARANSI.COM

**နာမ်၏သဘော ဘာလုပ်တတ်သလဲ၊ သူ့သဘော ကြည့်လိုက်တယ်၊ ရုပ်နာမ်နှစ်ပါးစုံ ချုပ်တော့မယ်၊ ဒုက္ခသုခ ချုပ်တော့မယ်၊** အဲဝေဒနာသည် နာမ်ပါလား။ နာမ်၏သဘော ဘာလုပ်တတ်သလဲ၊ သူ့သဘောကြည့်လိုက်တယ် သူ့သဘောကြည့်လိုက်၊ ဩော် နာမ်၏တရားဟာ မျက်စိနဲ့ မြင်လိုက်တဲ့အချိန်အခါ အဆင်းကိုလဲ ခံစားလိုက်တယ်၊ အသံကိုလဲ ခံစားလိုက်တယ်၊ အနံ့ကိုလဲ ခံစားလိုက်တယ်၊ ရသာကိုလဲ ခံစားလိုက်တယ်၊ ဩော် ဒါက သုခဝေဒနာ၊ သိပြီး မာတ်ကြီးလေးပါး ပေါ်လာတဲ့ဝေဒနာ၊ ဒုက္ခဝေဒနာ နာမ်တရား ဒုက္ခဝေဒနာ သုခဝေဒနာ ခံစားနေပါလား။ ဒုက္ခလဲမရှိ၊သုခလဲမရှိ သင်ညာပါလား၊ ပညတ်ပါလား၊ ဒုက္ခဆိုလို့ရှိရင်ဖြင့် ဒေါသ ဖြစ်လိမ့်အုံးမယ် သုခဆိုလို့ရှိရင်ဖြင့် ရာဂဖြစ်လိမ့်အုံးမယ်။ ဒုက္ခလဲမရှိ သုခလဲမရှိ၊ဒုက္ခ သုခဆိုတာ သညာစေတသိက်ပါလား။ ဒုက္ခလဲမရှိ၊ သုခလဲမရှိ၊ ပစ္စုပ္ပန်စိတ်ကလေး ဘာရှိသလဲ၊ ပစ္စုပ္ပန်ကြည့်လိုက်တယ်၊ ပစ္စုပ္ပန်ကြည့်လိုက်တော့၊ နာမ်၏ သာမညလက္ခဏာ ခံစားတဲ့ သဘော သက်သက်ကလေးဆိုတော့ ရုပ်နာမ်နှစ်ပါးစုံ ချုပ်သွားပြီး ဘာလဲတဲ့ ကာလဝိမုတ္တိစိတ် ဖြစ်သွားပြီ။ ကဲ ဖြစ်ပျက်ရှိသေးလား၊ ဒုက္ခသုခရှိသေးလား၊ နာမ်၏လက္ခဏာ ပစ္စုပ္ပန်ခံစားတဲ့ သဘော၊ အသံကြားလိုက်တဲ့အခါလဲ ခံစားတဲ့သဘော သက်သက်ကလေး သာမညလက္ခဏာ၊ နာမ်သာမည လက္ခဏာနော်။ နှာခေါင်းနဲ့ အနံ့နဲ့ ထိမှန်လိုက်တဲ့ အချိန်အခါလဲ၊ အနံ့ရုပ်ပေါ်မှာ ခံစားတတ်တဲ့ သဘောကလေး၊ အနံ့ရယ်လို့ မသိတော့ဘူး။ ခံစားတတ်တဲ့ သဘောသက်သက်ကလေး၊ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့ အချိန်အခါ ခံစားတဲ့သဘောဘက်သက်ကလေး၊ အတွေ့နဲ့ကိုယ်နဲ့

WWW.DHAMMARANSI.COM

ထိမှန်လိုက်တဲ့အချိန်အခါ ခံစားတဲ့သဘော သက်သက်ကလေး၊ မနေ့ာနဲ့ မမှနဲ့ ပေါင်းဆုံလိုက်တဲ့အချိန်အခါ ခံစားတဲ့သဘော သက်သက်ကလေး၊ ယိုတာလဲခံစားတယ်၊ ပေါက်တာလဲ ခံစားတယ်၊ လှမ်းတာလဲ ခံစားတယ်၊ ချလိုက်တာလဲ ခံစားတယ်၊ထိုင်တာလဲ ခံစားတယ်၊ အိပ်တာလဲခံစားတယ်၊**ကေဂ္ဂတာ တည်မသွားဘူးလား၊ ပီတိ၊သုခ၊ကေဂ္ဂတာတည်သွာ ပြီ** ဘယ်ပေါ်မှာ ပီတိ သုခ၊ ကေဂ္ဂတာတည်သလဲတဲ့၊နာမ်၏သာမည လက္ခဏာပေါ်မှာ တည်သွားတယ်။ နာမ်၏လက္ခဏာပေါ်တည်သွားပြီ၊ ဖြစ်ပျက်ရှိသေးသလား၊ အဲ ရုပ်နာမ်ရှိသေး သလား၊ ဝေဒနာရှိသေးသလား၊ ဒုက္ခ၊ သုခ ရှိသေးလား။

**ချုပ်ကုန်ပြီ၊အဲဒါကေဂ္ဂတာစိတ် လက္ခဏာ** စိတ်ခေါ်တယ်။ အဲ လက္ခဏာပေါ် တည်မသွားဘူးလား။ အိန္ဒြိယသံဝရသီလ လုံမနေဘူးလား။ အတိတ်ကာလတုန်းက မိန်းမမြင်၊ ယောကျ်ားမြင်၊ ခွေးမြင် နာတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတဲ့ အကုသိုလ်စေတသိက်တွေရှိသေးလား အတိတ်က အမှားယုံမှားခြင်းပယ်လိုက်ပြီ၊ ဘာကြောင့်ပယ်လဲတဲ့ သမ္မာအသိဖြစ်သွားပြီ၊မိစ္ဆာတွေရှိသေးလား၊ အဲဒါကြောင့်မို့လို့ တကာ တကာမများ အခုဟောတဲ့ ဥစ္စာကဘာလဲ အဆင့်ဆင့် တရားကိုတင်ပေးသွားတာ၊ဒီလိုမှတင်မပေး၊ရှုတာလေးရှုတော်ကြာရင်း ရှုရရင်း၊ တော်ကြာရင်း ရှုရရင်း၊ တော်ကြာရင်း ရှုရရင်း၊ရှုလို့လက်စသတ်ပါမလား။ ဟင် ရှုလို့ကို လက်စသတ်မှာမဟုတ်ဘူး

တော်တော်ကြာကြာ တခုမြင်ရတယ်။ တော်ကြာမြင်တယ် တော်ကြာမြင်တယ်၊ တော်ကြာမြင်တယ် မြင်လို့လက်စ သတ်ပါ့မလား၊ တော်တော်ကြာ ကြာရပြန်ပြီ၊ တော်တော်ကြာ ကြာ

WWW.DHAMMARANSI.COM

ရအုံးမယ်၊ တော်ကြာအသံကလာအုံးမယ်၊ တော်ကြာ အသံက လာအုံးမယ်။ တော်တော်ကြာ ကြားလိုက်၊ တော်တော်ကြာ ကြားလိုက် တော်တော်ကြာ ကြားလိုက် ကြားလိုလက်စ သတ် ပါအုံးမလား၊ တော်ကြာနံ့ရလိမ့်အုံးမယ်၊ တော်ကြာနံ့ရမယ်၊ နံ့လိုလက်စသတ်ပါ့မလား၊ တော်ကြာ ယိုရလိမ့်အုံးမယ်၊ ဘုရား က မြင်မမြင် မမြဲရဘူးတဲ့၊ ဘုရား ဟောထားတာ နော်၊ မြင်တယ်မရှိ ကြားတယ်မရှိ၊ နံ့တယ်မရှိ၊စားတယ်မရှိ၊ထိတယ်မရှိ သိတယ်မရှိ၊ ယိုသူမရှိ၊ ပေါက်သူမရှိ လှမ်းသူမရှိ၊ချသူမရှိ၊ ထိုင်သူ မရှိ၊အိပ်သူမရှိ ဘာရှိသလဲ၊နာမ်၏လက္ခဏာခံစားတတ်တဲ့သဘော သက်သက်ကလေး ဒါဘဲရှိတယ်၊ ဒါတော့မသိဘူး။

ယခုတော့ ပုဂ္ဂိုလ်တွေသိနေတာ မြင်တာကြီး သိနေတယ်။ ကြားတာကြီးသိနေတယ်၊လေးဘက်ထောက်ရမယ်၊ ဘာကြောင့် လဲ ပညတ်ကြီး သမထကြီးနော် ဝိပဿနာမဟုတ်ဘူး၊ ဝိပဿနာ ဆိုတာ သဘောလက္ခဏာလေး၊ သမထဝိပဿနာကွဲဘို့ အရေး ကြီးတယ်။ အဲဒီတော့ သမထ ဝိပဿနာကွဲဘို့ဟာက ဘာလဲ ဆိုတော့ အခုဟာက သဘောတင်ပြီးတော့ ပြောလိုက်တာ၊ တကာကြီးတို့ ဦးပဉ္ဇင်းတို့ဟာ သံသရာလဆန်း တရက်ထဲက ဒါတွေက ဦးပဉ္ဇင်းတို့ အာနိသင်ဆရာတွေက သွန်သင်ဆုံးမလာ တော့ ဒါဘဲ သိရတာကိုး။ အခု သာသနာကြီး မမိတော့ သာသနာကြီးမပေါ်ရသေးတော့ ဒါလဲသိရအုံးမှာဘဲ။သာသနာ ကြီးပေါ်တော့ အခုတော့ အယူမှား အမှတ်မှားကို ခြေနင်းပြီး ဒီဟာကို လိုက်ရတော့မယ်၊ အနတ္တသာသနာ အနတ္တမြင်အောင် လိုက်ရတော့မယ်။ဒကာကြီးတို့ ဦးပဉ္ဇင်းတို့ အတိတ်ကာလတုံးက

WWW.DHAMMARANSI.COM

အားကိုးနေတာက ဘယ်ဟာ အားကိုးနေသလဲဆိုတော့ ဥပမာလေး ဆောင်ပြအဆုံးမှာပေါ့။

ဘယ်လိုဥပမာလေး ဆောင်ပြရလဲဆိုတော့ အတိတ်ကာလတုံးက ဝိဒေဟရာဇ်မင်းကြီး တိုင်းပြည်မှာ အမတ်လိမ္မာတွေ မရှိဘူးလား။ ဝိဒေဟရာဇ်မင်းကြီးက အမတ်လိမ္မာတွေကို တခါတည်းကိုတံစိုးလက်ဆောင်လခကောင်းပေးတယ်။ ဘာကြောင့်လဲ လခကောင်းကောင်းပေးထားတော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်၊ လေးဦးသားအမတ်၊ အမတ်ကြီးတွေမဟုတ်လား။ ဘုရင့်အနားကို တခါတည်းကို သူတို့ကနေရတာ ညီလာခံဝင်ပြီးတော့ တခါတည်းကို ဝိဒေဟရာဇ်မင်းကြီးကို တခါတည်းကို အတိုင်ပင်ခံနေပြီးတော့ သူတို့က အမတ်ကြီးတွေကိုး။ အဲဒီတော့ အတိုင်ပင်အမတ်ကြီးတွေဆိုတော့ သူတို့ကို ပညာရှိသုခမိန် လခကောင်းကောင်း ရကြတယ်။ အဲဒီတော့ လခကောင်းကောင်း ရတော့ သူတို့ခိုင်းတိုင်း တိုင်းသူပြည်သားတွေ လုပ်ရမယ် မဟုတ်လား။ လုပ်ရမယ်ဆိုတော့ အဲဒီတော့ လုပ်ရမဲ့ တရားဟာ သူတို့က သူတို့က ခိုင်းဘော့လုပ်ရမှာဘဲ။ ဘယ်လိုလုပ်ရမလဲ ဆိုတော့ သူတို့က ပြောတာက နို့ နဂိုတုံးက ပေါ်ပင်က သူတို့ကိုး တကာကြီးတို့ရဲ့။ အဲဒီတော့ နောက်ပိတ်ဆုံးကျတော့ နောက်ပိတ်ဆုံး သာသနာဝင်လာပြီ မဟုတ်လား။ သာသနာဝင်လာတာ ဥပမာလေးတင်ပြီပြောတာ နောက်ပိတ်ဆုံးသာသနာမှီလာတော့ ဘာဖြစ်လာလဲဆိုလို့ရှိရင် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်၊ လေးဦးသား အမတ်က လက်ဦးတုံးကတော့ ပညာရှိ သုခမိန်ဗျ နောက်တော့ သူတို့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊မဂုတ် လေးဦးသား အမတ်ထက်ပညာကြီးတဲ့ မဟောသဓပေါ်လာပြီ သားတော်လေး

ပေါ်လာပြီ ဝိဒေဟာရာဇ်မင်းကြီး အားကိုးရမဲ့ သားတော်လေး ပေါ်လာပြီ။ လက်ဦးတုံးကတော့ ဝိဒေဟာရာဇ်မင်းကြီးဟာ အဲ၊ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ်ကို အားကိုး နေရတာ နောက်ကြတော့ သားတော်လေးပေါ်လာတဲ့ အချိန် အခါကြတော့ ဒါလဲဘဲ လက်ဦးတုံးကအမတ်ခန့်ထားတဲ့ဥစ္စာကို မဟောသဓကိုအထင်မကြီးသေးဘူး။ ဝိဒေဟာရာဇ်မင်းကြီးကလဲဘဲ ဝိဒေဟာရာဇ်မင်းကြီးကလဲဘဲမဟောသဓကိုအထင်မကြီးသေးဘူး။

ဘာကြောင့်လဲတဲ့ လက်ဦးတုံးက ဥပါဒဏ်ကနေပြီး သူပေး ထားတဲ့ လခ ကောင်းကောင်း ပေးထားတဲ့ သိန်း၊ ဒေဝိန်၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်ဟာဖြင့် မဟောသဓ နောက်မှပေါ်ရတာကိုး။ သိန်း၊ဒေဝိန်း၊ ကာမိန်၊ မဂုတ် လေးဦး သားအမတ်ကအရင်ကိုး။ အဲဒီတော့ မေးစရာရှိရင် သိန်း၊ ဝေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်ကို အရင်ဘဲ မေးတယ်တကာကြီးတို့ရဲ့။ မေးတာတကာကြီးတို့ရဲ့ အဲဒီတော့ အဲဒါဖြင့် အဲဒီတော့ တကာကြီး အခု သမထနဲ့ဝိပဿနာဆိုတာ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ်ရုပ်၊ နော် မဟောသဓရုပ်၊ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်ကဘာကိုရှု၊ အကျိုးတရားရုပ်၊ သမထရုပ် မဟောသဓ ရုပ်က အကြောင်းတရားရုပ်၊ အကြောင်းသတ်၊ အကျိုး သတ်၊ နှစ်ဌာန ရှိတယ်၊ လမ်းကြောင်းနှစ်သွယ်ဟာကို ဆို လို့ရှိရင် ဝိပဿနာသမထခွဲတဲ့လမ်းကလေးခွဲချင်လို့ဗျနော် ဦးပဥ္စင်း ဂူမှာ သမထကြီး သမထကြီးလို့ ပြောလို့ ပါနော်။ အဲဒီတော့ သမထနဲ့ ဝိပဿနာနှင့် ခွဲချင်လို့ အဲဒီတော့ သမထနှင့် ဝိပဿနာ ကွဲလွဲရုပ်တွေကိုပြောချင်လို့ သိန်း၊ ဒေဝိန်း၊ကာမိန်း၊မဂုတ်လေးဦး

WWW.DHAMMARANSI.COM

သွားအမှတ်ရှုပုံပေါ့ဗျာ မဟောသဓေရှုပုံ၊ ဥပမာလေးတင် ပြောဟာပါ ယောဂီတွေ သဘောပေါက်အောင်လို့နော်။

အဲဒီတော့ ဝိဒေဟရာဇ် မင်းကြီးရဲ့ နန်းတွင်း ထဲမှာ ရေကန်ကြီးတကန်ရှိတယ်။ ရေကန်ကြီးတကန်ရှိတော့အကျိုးသတ် အကြောင်းသတ် နှစ်ပါးရှုပုံရှုနည်းတွေကို ပြောချင်လို့ အဲဥပမာလေးဆောင်ပြောမှ တကာတကာမများ သဘောပေါက်မယ်။ အဲဒီတော့ ဝိဒေဟရာဇ်မင်းကြီး တိုင်းပြည်မှာ နန်းတွင်းမှာ ရေကန်ကြီးတကန်ရှိတယ်။ ရေကန်ကြီးရေကန်ဘောင်ရိုးပေါ်မှာ ထန်းပင်ကြီးတပင်ရှိတယ်၊ ထန်းပင်ကြီးပေါ်မှာ စွန်သိုက်ကလဲ ရှိတယ်။ စွန်သိုက်ထဲမှာ စွန်ခိုထားတဲ့ ပြည်တန်တဲ့ပတ္တမြားကြီးက စွန်သိုက်ထဲမှာ သွားတစ်မှတ်လို့ စွန်ကခိုလာပြီးတော့ ပတ္တမြားကြီးကို ဝင်းဝင်းတောက်ပြီး ထိန်နေတာပေါ့။ စွန်သိုက်ထဲမှာလေ စွန်သိုက်ထဲမှာ ထိန်နေတော့ တခါထဲကို နန်းတွင်းသူ နန်းတွင်းသားတွေက ဥဩ် သောင်းသောင်းဖြစ်တယ်။ ဟာရေကန်ထဲမှာ ဝင်းဝင်းကြီးပေါ်နေတယ်။ ဝင်းဝင်းကြီး ပေါ်နေတယ်ဆိုတော့ တခါကကို သိန်း၊ ဒေဝိန်း၊ ကာမိန်းမဂုတ် အမတ်ကြီးလေးဦးသား ကြားတာပေါ့၊ ရှင်ဘုရင်လဲ ကြားတော့ အဲဒီမှာ နန်းတွင်းသူ နန်းတွင်းသားတွေ ဥဩ် သောင်းသောင်း ဖြစ်တဲ့အချိန်အခါကျတော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ်ကို သွားပြောတော့ ဂိဒေဟရာဇ်မင်းကြီးပါ ရှုစားပါဆိုတော့—

ရှုစားတော့ ထန်းပင်ပေါ်က စွန်သိုက်ထဲက ပြည်တန်တဲ့ပတ္တမြားလုံးကြီးက ဝင်းနေတာကိုး၊ ကန်ရိပ်သွားပြီး အရိပ်ထိုး

WWW.DHAMMARANSI.COM

နေတယ်။ ရေထဲမှာ၊ ရေထဲမှာ၊ ရေထဲမှာ အရိပ်ထိုး နေတော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်ရယ် ဝိဒေဟရာဇ်မင်းကြီးရယ်ကြည့်တယ်။ ဟသိန်း၊ ဒေဝိန်း၊ကာမိန်း၊ မဂုတ်လေးဦးသားအမတ်၊ ဒါပတ္တမြားဘဲ ပြည်တန်တဲ့ ပတ္တမြား ဘဲ။ ဝိဒေဟရာဇ်မင်းကြီးက ကဲ ဒါဖြင့် သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ် ဒီပတ္တမြားကို သိန်း၊ ဒေဝိန်း၊ကာမိန်း မဂုတ် လေးဦးသားအမတ် အကျွန်ုပ်ဆက်သရမယ်၊ မှန်လှပါ ဘုရား တပည့်တော်တို့ ဆက်သပါ့မယ်ဘုရား၊ မြင်နေ တာဘဲ ရအောင်ယူပါမယ်တရားဆိုပြီးတော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်၊ လေးဦးသားအမတ်က ဝိဒေဟရာဇ်မင်းကြီးကို ပဋိညာဉ် ဝန်ခံတယ်။ ခံလိုက်တာဘဲ ခံလိုက်တော့ ဝိဒေဟရာဇ်မင်းကြီးက စိတ်ချလက်ချ နန်းတွင်းဝင်တာပေါ့။ တခါက မောင်းကြေးနင်း ခတ်ပြီး တိုင်းသူပြည်သားလူအများတို့ မောင်းကြေးနင်းခတ်ကာ ဘဲ၊ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်က တခါက တိုင်းသူပြည်သားလူအများကို မောင်းကြေးနင်း ခတ်ပြီး ခေါ်တာဘဲ။

ခေါ်တာ ဘာကြောင့်ခေါ်သလဲဆိုတော့ တခါကကို ဟိုမှာ ထန်းပင်ပေါ်က ပတ္တမြားကအကြောင်းမဟုတ်သား။အကြောင်း ဘာရားကြောင့် အကျိုးတရား အရိပ်ကြီးထင်နေဟယ်။ ထင်နေတဲ့ ဥစ္စာကြီးက အရိပ်ကြီးဗျ၊ တကာကြီးတို့ ဦးပဥ္စင်းတို့ရဲ့ ခန္ဓာကြီး ဟာ အတိတ်က "ကံအကြောင်းတရားမှိုလို့ အကျိုးတရားအရိပ် ကြီးဗျနော်" ဒီဟာကြီး အရိပ်ကြီးမဟုတ်လား၊ ရှိတယ်လို့ထင်နေ တယ်။ မရှိတာကြီးကို ရှိတယ်လို့ ထင်နေတယ်၊ မရှိတာကြီးကို ရှိတယ်လို့ထင်နေတာက အရိပ်ကြီးဗျ။ နော် အဲဒီတော့ သိန်း

WWW.DHAMMARANSI.COM

ဒေဝိန်း၊ ကာမိန်း၊မဂုတ်၊လေးဦးသားအမတ်ကတိုင်းသူပြည်သား လူအများတွေကို ခေါ်တဲ့ပြီးတော့ တခါထဲ မောင်းကြေးနှင်း ခတ်ပြီးတော့ ရေကန်ထဲက ပတ္တမြား ပြတဲ့ပြီးတော့ တခ ထဲ မောင်းကြေးနှင်းခတ်ပြီးတော့ ရေကန်ထဲ ပတ္တမြားပြတဲ့ပြီးတော့ ဘခါထဲအာက်ခိုင်းတာပါဘာဘဲတကာကြီ တို့ရှာ။ ဟာ တိုင်းသူ ပြည်သား ပင်ပန်း လိုက်တာ ဆိုတာ ပက်လိုက်ရတာဆိုတာ ဘယ်ပြောကောင်းမလဲ ပက်တော့ ရေတွေခန်းကုန်ရော ခန်းကုန် တော့ရေကန်ထဲမှာပတ္တမြားရှိသလား၊မတွေ့ဘူး။ မတွေ့တော့ဟာ ကေန္တမြုတ်သွားပြီ တိုင်းသူပြည်သား လူအများကို တူခိုင်းတာ ပါဘဲ၊ တူးပြန်တော့လဲ မရဘူး။ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်က တိုင်းသူ ပြည်သား လူအများကို ဆင်းရဲအောင် ရေပက်ခိုင်းနေပြီ၊ ရေ ခန်းလဲ ခန်းသွားရော မြေကြီးတူခိုင်းတော့လဲမရဘူး။

မရတာ ဘာကြောင့်လဲ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ်ဟာဖြင့် ဘာကို လဲတဲ့ ပတ္တမြား အရိပ်ကို ရှိတယ်လို့ထင်မှတ်နေတယ်။ မရှိတာကို၊ အဲမရှိတာကို ရှိတယ်လို့ ထင်မှတ်ပြီးတော့ ပုဂ္ဂိုလ် သတ္တဝါ တိုင်းသူ ပြည်သား တွေကို တခါတည်း ညှင်းပန်းတယ်။ တခါထဲညှင်းပန်းတော့ ပက်လိုက် ရတာရေတွေကို တခါထဲ အဲဒီတော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း မဂုတ် လေးဦးသား အမတ်ကို ဖတ်ဖတ်ကို ခါခရာ မရဘူး။ အဲဒီတော့မှ ဝိဒေဟရာဇ် မင်းကြီးဆီကို ဝင်ပြီးတော့ မှန်လှပါ ဘုရား၊ ဘုရားတပည့်တော်တို့ မရတော့ပါဘုရား အဲဒီတော့ မရတော့ဟေး ဒါဖြင့် အဲဒီတော့မှ နောက်ပိတ်ဆုံး ကျတော့မှ သဘိရတယ်။ သားတော် မဟောသဓ ရှေ့တော် သွင်းစမ်း၊

WWW.DHAMMARANSI.COM

သားတော် မဟာသမ ရွှေတော်သွင်းစမ်းဆိုတော့ ရွှေတော်သွင်းလာတယ်။ အဲဒီတော့ ဝိဒေဟရာဇ်မင်းကြီးက တခါအမိန့်ရှိတယ်။ ဟဲ့ သားတော် မဟာသမ ငါတို့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်လေးဦးသားအမတ် ငါ့ခမည်းတော်နှင့် သွားပြီးကြည့်လိုက်တဲ့အခါ ရေကန်ထဲမှာ ပတ္တမြားကြီးဟာ တခါထဲ အတိုင်းသားကြီးပေါ်နေတယ်။ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊မဂုတ်လေးဦးသားအမတ်ဟာ ငါ့ဆက်သပါ့မယ်ဆိုပြီး သိန်း၊ ဒေဝိန်း၊ ကာမိန်း၊မဂုတ်လေးဦးသားအမတ်ဟာလဲ ဒီပတ္တမြားကိုရအောင် မဆက်သနိုင်ဘူး။ အဲဒီတော့ သားတော် မဟောသဓ၊ အဲဒီ ပတ္တမြားကို ဘခမည်းတော်အထင် သားတော် မဟောသဓ ခမည်းတော်ကို အသင့်ရအောင် ဆက်နိုင်ပါ့မလား ဆိုတော့ ဟိုကသိတယ်။ အကြောင်းတရား အကျိုးတရားကို သိနေလို့ကော့ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်လေးဦးသား အမတ်ပတ္တမြားကတော့ ဒီမယ် ကန်ထဲမှာ အရိပ်ထင်နေတဲ့ဥစ္စာပတ္တမြားက အထက်မှာ သူကအကျိုးတရားကြီးကို ရှိဟယ်ထင်မှတ်နေတာပါလားဆိုတာ မဟောသဓ အဲဒါပညာရှိ သုခမိန်ကိုး။ အဲဒီတော့ ဝန်ခံတယ်။ မှန်လှပါဘုရား အလျင်အမြန် ခုချက်ခြင်း၊ ဘုရားသားတော် ဘခမည်းတော် လိုတဲ့ ပြည်တန်တဲ့ဂတ္တမြား အခုချက်ခြင်းဆက်သပါ့မယ်ဘုရား၊ ပဋိညာဉ်ပေးတာဘဲ တကာကြီးတို့။

ပဋိညာဉ်ပေးတော့ ဝိဒေဟရာဇ် မင်းက ဝမ်းသာတာပေါ့သေ။ သိန်း၊ ဒေဝိန်း ကာမိန်း၊မဂုတ်ကတော့ လက်မြောက်သွားတယ်။ တိုင်းသူပြည်သားတွေလဲ ဖတ်ဖတ်ကိုဆာသွားတာဘဲ ရေပက်ရတာနဲ့ မြေကြီးတွေတူးရတာ။ အဲဒီတော့ မဟောသဓ သုခမိန်က ဘွားဘက်သားငါးရာကို ကဲတိုင်းသူပြည်သားတွေကို

WWW.DHAMMARANSI.COM

ရေကန်ထဲရေသွင်းလိုက်စမ်း၊ ရေသွင်းလိုက်စမ်းဆိုတော့ တခါထဲ ရေသွင်းလိုက်ပါရော ရေသွင်းလိုက်တော့ ကြည့်လာပလား၊ မှဟောသမမထွက်သေးဘူး။ ဘုရားဘက်သားတွေကို ခိုင်းလိုက်တယ်။ ဘုရားဘက်သားတွေကိုခိုင်းလိုက်တယ်။ ရေကြည်လာပြီလား ဖောက်သွင်းတာကြည့်လာဂလား၊ ဖောက်သွင်းတာကြည့် ကြည်လာပါပြီဘုရား။ အဲ ဂတ္တာမြားကြီး ပေါ်လာပြီလား၊ ကြည့်စမ်း ပေါ်လာပြီဘုရား။ အဲတိုင်းသူပြည်သားတွေ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်လေးဦးသားကို ခေါ်ပြီးတော့ ပက်ခိုင်းဘဲ့ တကာတကာမတွေ တိုင်းသူပြည်သားတွေ မောင်းကြေးနှင်း ခတ်ခေါ်အုံး။ အဲဒီခါတော့ သိန်း၊ဒေဝိန်း၊ ကာမိန်း၊ မဂုတ်လေးဦး သားအမတ် ရေပက်ခိုင်းတဲ့ ဘကာ ဘကာမတွေ ခေါ်အုံး၊ ခေါ်ပေးတော့ အကုန်လာကြတာပေါ့။ လာကြတော့ အား ကြည့်စမ်း၊ ခုန်တုံးကတော့ မတွေ့ဘူး။ အခုတော့ ဟိုမှာပေါ် နေပြန်ပြီ ပတ္တများကြီးဆိုတော့ အဲဒီတော့မှ မဟောသကော နန်းတွင်းထဲကနေပြီးတော့ ငွေဖလားနဲ့ ရေကြည်ကြည် ထည့် သေတယ်။

အဲဒီတော့ တိုင်းသူပြည်သားလူအပြားဘုရားဘက်သားငါးရာ ကို အသင်တို့ အဲဒီပတ္တမြားဟာ အခုဘယ်မှာရှိသလဲ၊ ရေကန်ထဲ မှာပါဘုရား၊ အေးရေကန်ထဲမှာရှိတယ်လို့ ထင်မှန် နေရတယ်။ ကဲ ရေကန်ထဲရှိသလား မရှိဘူးလားဆိုတဲ့ ဉစ္စာ အသင်တို့ချင်း မရှိတဲ့တရားကြီးကိုရှိတယ်လို့ထင်မှတ်တာရေကန်ထဲမှာမရှိပါဘူး။ ရှိတဲ့အကြောင်းတရားကို ပညာပြတော့မှာကို၊ မဟောသကော အဲဒီတော့ငွေဖလားထဲရေကြည်ကြည်ထည့်ပြီးတော့အဲဒီပတ္တမြား အရိပ်နေရာကို သွားပြီးတော့ ခွက်ထိုးခံလိုက်တော့ ဟဲ့ တိုင်းသူ

WWW.DHAMMARANSI.COM

ပြည်သားလူအများတို့ ရေကန်ထဲမှာ ပတ္တမြားရှိသေးလား။ ပြို
မရှိတော့ပါဘူးဘုရား။ ကဲ သာကြည့်စမ်း ဟောဒီမှာ ဖလားထဲ
မှာဆိုတော့ အထက်က အရိပ်နဲ့ ဖလားထဲမှာ ပတ္တမြားတုံးကြီး
ထင်နေပြန်ပြီ။ ကဲ တိုင်းသူပြည်သား လူအများ ဘုရားဘက်သား
ငါးရာ အဲဒီ ပတ္တမြားလုံးကြီးဟာ အဲဒီရေကန်ထဲမှာ နှိုက်ပြီး
ယူကြစမ်းပါ။ ရအောင်ဆိုခိုင်းပြန်ပြီ။ အဲဒီတော့ နှိုက်လို့
ဘယ်ရမလဲ မရှိတာကြီးကိုနော် မရှိတာကြီးကို နှိုက်နေပြီ။
မရှိပါဘူး မရှိပါဘူးတဲ့၊ အေး ဘုရားဘက်ဘားငါးရာ ဟောဟို
စွန်းသိုက်ထဲမှာရှိလေရဲ့၊ အလျင်အမြန်တက်စမ်းဆိုတော့ဘုရားဖက်
တော်ငါးရာထဲက တယောက် တက်ခိုင်းတော့ ပတ္တမြားကြီး
ရရောဗျ။ အဲဒီတော့ မဟောသဓ သုခမိန်ကတော့ တိုင်းသူ
ပြည်သားတွေ မညှဉ်းဘူး။ ဘာကြောင့်လဲ အကြောင်းတရား
အကျိုးတရား၊ အကြောင်းသက်လိုက်တာကိုး တကာကြီးရဲ့။

အကြောင်းသက်တဲ့ တရားက ဘယ်လိုတရားလဲ မဟောသဓ
သုခမိန်အကြောင်းသတ်တဲ့တရား သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ်
လေးဦးသားအမတ် အကျိုးသတ်တဲ့တရား၊ သမထတရား သမထ
တရားက ဘယ်တရားလဲ ကဲ-ခန္ဓာကိုထဲက ဓာတ်ကြီး လေးပါး
ပေါ် လာ လို့ ရှိရင် ဓာတ်လဲမရှု၊ ရုပ်လဲမရှု၊ နာမ်လဲမရှု၊
အဲ လက္ခဏာလဲမရှု မရှုတာဘာလို့ ရှုသလဲ တင်းတာကို ရှုတယ်
တင်းတယ် တင်းတယ် တောင့်တယ် တောင့်တယ် ထုံတယ်
ပူတယ် အေးတယ် ဆင်းရဲတယ် ချမ်းသာတယ် လှုပ်တယ်
ရွတယ် ဒီလိုရှုတာ အဲဒါ သမထ။ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊
မဂုတ်က အရိပ်ကြီး ဖမ်းနေတယ်၊ ကန်ထဲကအရိပ်ကြီးအကြောင်း
တရားကဘာလဲ ပတ္တမြားအရိပ်က ဘာလဲတဲ့ နာမ်နဲ့ရုပ် လက္ခဏာ၊

WWW.DHAMMARANSI.COM

နာမ်လက္ခဏာ ရုပ်လက္ခဏာ အသုဘလက္ခဏာ လက္ခဏာသုံးပါး အကြောင်းတရားကြီးမဟုတ်လား။ ဒီအကြောင်းတရားကိုမရှုဘူး နာမ်နဲ့ရုပ်ကို မရှုဘူး ဘယ်နဲ့ အကျိုးတရားကြီးအရိပ်ကိုတင်းတာကြီးကိုရှုတယ်။ တောင့်တာကြီးကိုရှုတယ်။ ထုံတာကြီး ရှုတယ်။ အဲဒါရေကန်ထဲမှာ ရေပက်နေတာ။ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသားအမတ် အဲဒီမှာ မရှိတဲ့တရားကြီးကို ရှိတယ်လို့ ရေတွေအပက်ခိုင်းနေတာ တင်းတာကြီးရှုတာ။ တင်းတာကြီး ရှုတယ်၊ တောင့်တာကြီးကိုရှုတယ်။ တံခါးခြောက်ပေါက်ကအာရုံ ငါး အာရုံခြောက်ပါးနဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း အရိပ်ဖမ်းပြီ ပတ္တမြားရဲ့ အရိပ်ဖမ်းပြီး ရေပက်ပြန်ပြီ။

မြင်တယ် မြင်တယ်၊ မြင်တယ်ဆိုဒါ ဿဒါ အရိပ်ကြီးနော်၊ အဲ အကျိုးတရားကြီး။ အဲ ကြားတယ် ကြားတယ်ဆိုတာအကျိုးတရား၊ နံတယ် နံတာကြီးရှုတာအကျိုးတရား၊စားတာကြီးရှုတာ အကျိုးတရား၊ ထိတာကြီးရှုတာ အကျိုးတရား၊ သိတာကြီး ရှုတာ အကျိုးတရား၊ လှမ်းတယ်လို့ ရှုလိုက်တာ တကျိုးတရား၊ ချတယ်လို့ရှုလိုက်တာ အကျိုးတရား၊ ထိုင်တယ်လို့ ရှုလိုက်တာ အကျိုးတရား၊ အိပ်တယ်လို့ရှုလိုက်တာ အကျိုးတရား၊ မရှိတဲ့ တရားရှုတာ၊ ပတ္တမြားကို ရှိတယ်လို့ထင်မှတ်ပြီး အရိပ်ကြီးကို ရှုနေတာ။ အဲဒါအကျိုးတရားသတ်ဆိုဒါ သာမဿပေါ့။ အဲ ဟော သမ သုခမိန်ကတော့ ဘာကိုရှုသလဲ။ လက္ခဏာ အတ္တကနေပြီး အနတ္တလက္ခဏာရှုတယ်၊ပတ္တမြားကြီးကိုရအောင်ယူတယ်။ မျက်စိ ပေါက်ကချပ်၏ လက္ခဏာဘာလဲ။ သဘာဝလက္ခဏာက မျက်စိ ကလဲ ပြောင်းလွဲ၊ ပြောင်းလွဲ မြင်ကတ်တဲ့ သဘောတရား၊ အကြောင်းသတ်လိုက်တာကိုး။ ပြောင်းလွဲမြင်တက်တဲ့ သဘော၊

WWW.DHAMMARANSI.COM

အဆင်းတွေကလဲ ပြောင်းလဲတယ်၊ နာမ်ကလဲ ပြောင်းလဲတယ် တခါထဲ အကြောင်းသတ်လိုက်တော့ မျက်စိတံခါး၊ နားတံခါး နှာခေါင်းတံခါး၊ ပါးစပ်တံခါး၊ နာမ်၏လက္ခဏာ သာမည သဘောတရားလေး သိသွားရော။ ပစ္စုပ္ပန် သတ်ဆတ်ကလေး သဘောလေးကို သိသွားပြီ။ မဟာသဘော တခါထဲ ပတ္တမြား ရအောင်ယူတာ။ "အကြောင်းသတ်လိုက်တာကိုး"။ "နာမ်ကို ရှုလိုက်တာ၊ ရုပ်ကိုမရှုဘူး"။ အကျိုးတရားကို မရှုဘူး၊ ပတ္တမြား အရိပ်ကို မရှုဘူး။

ဘာကို ရှုလိုက်သယ်၊ မျက်စိနဲ့ မြင်လိုက်တဲ့ အချိန်အခါ ပြောင်းလဲတတ်တဲ့သဘော၊ ပြောင်းလဲပြီး ခံစားတတ်တဲ့သဘော နာမ်နဲ့ရုပ်နဲ့ တထပ်တည်း ဖြစ်လာထဲ့ဥစ္စာ၊ ခံစားမှု သဘော ဝေဒနာ၊ ဝေဒနာက နေပြီး နာမ်၊ နာမ်ကနေပြီး နာမ်၏ လက္ခဏာခံစားတတ်တဲ့ သဘောလေးဆိုတော့ ကုန်ရောနော်။ အကြောင်း သတ်လိုက်တော့ ပတ္တမြားရရော၊ မျက်စိကနေပြီး ပတ္တမြားရပြီ၊ ဘယ်လို ရသလဲ။ မျက်စိပေါက်ကလဲ ဖြစ်ပျက် မရှိတော့ဘူး၊ ရုပ်နဲ့နာမ်လဲ မရှိတော့ဘူး၊ မမြဲတဲ့တရားလဲ မရှိ တော့ဘူးနော်။ အနတ္တတရားလဲ မရှိတော့ဘူး။

အဲဒီတော့ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ပါးစပ်တံခါး၊ ကိုယ်တံခါး၊ မနောတံခါး၊ တံခါးခြောက်ပေါက် အာရုံငါး အာရုံခြောက်နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်းအတ္တက နေပြီး အနတ္တလက္ခဏာ သဘာဝ သဘော တင်ရှု လိုက်တာ လက္ခဏာရှုတာ၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်၏သဘာဝ လက္ခဏာ၊ နာမ်၏ သဘာဝလက္ခဏာ၊ ပစ္စုပ္ပန် လက္ခဏာလေး ရှုလိုက်တော့ စာထဲက ဟိုသတင်းစာထဲက ဘယ်လို ရေးနေလဲ

WWW.DHAMMARANSI.COM

ဒကာကြီး၊ ပစ္စုပ္ပန္နံ ရူပံ ဆိုတာ လက္ခဏာပြောတာ၊ စာလို သာ ဦးပဥ္စင်း မပြောဘတ်တာ၊ ဟော လက္ခဏာဆိုတာ ဟာလဲဘဲ ပစ္စုပ္ပန်ရုပ်၏ လက္ခဏာက ဘာလဲ၊ သဘာဝလက္ခဏာ၊ နာမ်၏ သဘာဝ လက္ခဏာ၊ ရုပ်၏လက္ခဏာ သဘာဝက ပြောင်းလဲ၊ ပြောင်းလဲ၊ ပြောင်းလဲတတ်တဲ့ သဘောတရားလေး။ နာမ်၏ လက္ခဏာက ပြောင်းလဲ၊ ပြောင်းလဲ၊ ပြောင်းလဲ ညွတ်တတ်တဲ့ လဘာဝလက္ခဏာ။ အဲဒီ သဘာဝလက္ခဏာကို၊ ပစ္စုပ္ပန်သဘော တရားလေးကို ရှုနေတာ။ အဲဒါမှ သဘောပေါက်တယ်နော်။

အဲဒီတော့ မဟောသဓကတော့တိုင်းသူပြည်သားလူအများကို ရှောက်မခိုင်းဘူး ဒကာကြီးရေ။ သူ့ဘွားဘက်သား ငါးရာကို တခါထဲကို ပညာရှိ အမတ်မဟောသဓအနားကပ်နေတဲ့ အမတ်ကို အတက်ခိုင်းတာဘဲ။ အမတ်ကို အတက်ခိုင်းတော့ အမတ်က ထန်းပင်ပေါ်က တခါထဲ ပတ္တမြားပိုက်ပြီး ဆင်းလာတာဘဲ။ ဆင်းလာတော့မှ အဲဒီတော့မှ ပတ္တမြားပြတော့ တိုင်းသူပြည် သား လူအများ၊ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ်ကြောင့် ဆင်းရဲဘယ်ဆိုပြီး မဟောသဓကို ကျေးဇူး တင်တယ်။

အဲ အခုလဲဘဲ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂုတ် လေးဦးသား အမတ် ဆိုတာကတော့ ရေကန်ပက်တဲ့တရားက ဘယ်တရားလဲ မြကြီးတူးတဲ့တရားက ဘယ်တရားလဲ၊ "နာတာကြီးရှုတဲ့တရား ကိုက်တာကြီး ရှုတဲ့တရား"၊ ပူတာကြီးရှုတဲ့တရား၊ အေးတာကြီး ရှုတဲ့တရား၊ လှုပ်တာကြီးရှုတဲ့တရား၊ ဆင်းရဲတာကြီး ရှုတဲ့တရား၊ ချမ်းသာတာကြီးရှုတဲ့တရား၊ မြင်တာကြီးကို ရှုတဲ့တရား၊ ကြား တာကြီးကို ရှုတဲ့တရား၊ နံတာကြီးကို ရှုတဲ့တရား၊ စားတာကြီးကို

WWW.DHAMMARANSI.COM

ရှုတဲ့တရား၊ ထိတာကြီးကို ရှုတဲ့တရား၊ သိတာကြီးကိုရှုတဲ့ တရား အဲဒါ ဘာလဲ။ သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ မဂ္ဂုတ် လေးဦးသား အမတ် ရေကန်ပက်ခိုင်းတာ ရှုတဲ့တရား၊ အကျိုးသတ်တရားနော်။

အကြောင်းသတ်တရားက နာမ်၏သက္ခဏာ၊ ရုပ်၏လက္ခဏာ၊ သဘာဝလက္ခဏာ ရှုပြီးတော့ နာမ်ကို အကြောင်းကို သတ်လိုက်တော့ တခါထဲ အကျိုးတရားတွေ ရပ်ကုန်ရော၊ အကျိုးပါ သေသွားရော။ အဲ မဟောသခကတော့ သဘာဝ လက္ခဏာ အကြောင်းသတ်လိုက်တော့ ပုတ္တမြားကြီးရတယ်၊ မျက်စိပေါက်ကလဲ ရုပ်နာမ် မဖြစ်မပျက်တော့ဘူး။ နာမ်၏လက္ခဏာ ခံစားတတ်တဲ့သဘော၊ ကြားလိုက်တဲ့ အသံလဲ ခံစားတဲ့သဘော၊ နံ့တာလဲ ခံစားတဲ့သဘော၊ စားတာလဲ ခံစားတဲ့သဘော၊ ထိတာလဲ ခံစားတဲ့သဘော၊ ပေါက်တာလဲ ခံစားတဲ့သဘော ထိုင်တာလဲ ခံစားတဲ့သဘော၊ အိပ်တာလဲ ခံစားတဲ့သဘော၊ ခံစားတာ တခုထဲရှိတယ်။ ကေဂ္ဂတာစိတ် ဖြစ်သွားပြီ။ "သီလ-သမာဓိ-ပညာ" မပြည့်စုံဘူးလား။

သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုလိုက်ပြီ မဟုတ်လား။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်၊ သီလမဂ္ဂင် အထူးတလည်လုပ် ထိန်းနေရတဲ့ သီလလား။ မျက်စေ့ပေါက်က အထူးတလည် မလုပ်ရတဲ့ လုံပြီးသား သီလ။ မျက်စေ့အိန္ဒြေ မလုံသွားဘူးလား။ နား အိန္ဒြေရော၊ နှာခေါင်းအိန္ဒြေရော၊ ပါးစပ် အိန္ဒြေရော၊ အိန္ဒြေခြောက်တန် လုံသွားပြီ။ သီလမဂ္ဂင် ရသွားပြီ။ သမာဓိမဂ္ဂင်က ကေဂ္ဂတာစိတ် ဆိုတာ မပြောင်းလဲတော့ဘူး။ ကေဂ္ဂတာစိတ် ဖြစ်မနေဘူးလား တခုတည်းသော သမာဓိ၊ ပညာဆိုတာ အတိတ်၊ အနာဂတ်။

WWW.DHAMMARANSI.COM

ပစ္စုပ္ပန် ကာလသုံးပါး။ အဲ အယူမှား၊ အမှတ်မှား၊ ငါ့အတိတ်ကာလတုန်းက အမှားယုံမှားခြင်း၊ အတိတ်ယုံမှားခြင်း၊ ပစ္စုပ္ပန်ယုံမှားခြင်း၊ အနာဂတ်ယုံမှားခြင်း၊ ယုံမှားခြင်းငါမရှိတော့ဘူး။ "ငါ ဘယ်တော့မှ မျက်စေ့ပေါက်ကနေပြီး အပါယ်လေးပါး ခွေးမဖြစ်တော့ဘူး၊ ဝက်မဖြစ်ဘူး၊ နွားမဖြစ်ဘူး၊ ငရဲမခံရဘူး၊ လို့သိတာ၊ ငါသိလုံပြီဆိုတာ သိဘာ၊ သံသယ ကင်းသွားတယ်။ အဲဒါမှ သောတာပန်၊ သောတာပန်၊ သောတာပန်၊ သောတာပန်ကြီးက မေ့နေတာ မဟုတ်ဘူး။ ဘုရားဆီတောင်းပြီးတော့ ဒီမယ် မေ့နေအောင် လုပ်မနေရဘူး။ ဒီမယ် လက္ခဏာစိတ်တခုထဲ တည်နေတော့ ဖိုလ်စိတ်ဖြစ်နေပြီ၊ မေ့နေတာ မဟုတ်ဘူး။

"သောတာပန်က ဘယ်တော့မှ ဖိုလ်မခံစားနိုင်ဘူး၊ နိဗ္ဗာန်မဝင်နိုင်ဘူး၊ ဖလသာ ဝင်နိုင်တယ်။ အဲဒီတော့ အခုပုဂ္ဂိုလ်တွေ အဲဒီတော့ သောတာပန်တွေ ဖိုလ်စိတ်ရနေတာ အားကြီးဘဲ။ မေ့နေတာတွေ၊ မေ့နေရင် သေလို့ရှိရင် ကိုယ်ကျိုးနဲ့ရော။ ဒါ့ကြောင့် တိရစ္ဆာန်ဖြစ်ရော။ အဲ တော်လဲတော်လှောက်ပါပြီ တရားလဲ ထိုင်ရအုံးမယ်၊ ဦးပဥ္စင်းက အလုပ်သမား၊ အပြောသမား မဟုတ်ဘူးနော်။ ဦးပဥ္စင်းက အလုပ်သမားသက်သက်ကြီးဗျား။ အခုအစိုးရကလဲ အလုပ်သမား။ အဲ အလုပ်သမားဆိုတော့ ဦးပဥ္စင်းကလဲ အလုပ်သမား၊ လူရည်ချွန်ရှာနေတာ။ လူရည်ချွန်ကို ရွေးနေတာနော်။ လူရည်ချွန်မွေးတော့ ဦးပဥ္စင်းကလဲ လူရည်ချွန်ကြီးရွေးနေတာ။ ဝိပဿနာဆိုတာ လူရည်ချွန်ရွေးတာ။အဲဒီတော့ အလုပ်သမားမှ သိပြီး ရောဆိုတဲ့ပုဂ္ဂိုလ်တွေ သေခါနီးကျတော့ ဝေဒနာ နာတာကြီးသိရင် သိပ်းရောပေါ့ဗျာ

WWW.DHAMMARANSI.COM

အဲ အဲဒီတော့ အခုဟာ အလုပ်သမားမို့ လို့ ဦးပဉ္စင်းကလဲ တကာ တကာမများ အရေးကြီးတာက တရားထိုင်ဘို့ အရေးကြီးပါတယ်လို့။ ကဲ–တကာ တကာမတွေ မနုဿတ္တဒုလ္လဘ ရခဲသော တရား လူ့ရယ်လို့ဖြစ်လာတဲ့အချိန်အခါ၊ မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ မှီတဲ့အချိန်အခါ၊ ဓမ္မရတနာတွေလဲ ပွင့်လင်းတဲ့အချိန်အခါ သုံးဦးသုံးဖလှယ် မှီတဲ့အချိန်အခါ သမထဝိပဿနာတရား ကျင့်ကြံအားထုတ်နိုင်ကြပြီး အခုပစ္စုပ္ပန်ကာလသာသနာ နောက်ပိတ်ဆုံးသာသနာကြီးမှီတဲ့အချိန်အခါ မဟောသဓပညာရှိသုခမိန်ကို အားကိုး ပြီးတော့ ပတ္တမြားကြီး ရင်ဝယ်ပိုက်ပြီး ပြည်တန်တဲ့ ပတ္တမြားကြီး ရနိုင်ကြပါစေကုန်သတည်း။

"သာဓု–သာဓု–သာဓု"

**မိုယ်းကောင်းယောဂီများ**
၁၉၆၉–ခု၊ နိုဝင်ဘာလ

WWW.DHAMMARANSI.COM

# ယောဂီသတိပြုပါ

**အာရုံ (၆) ပါး အခွင့်အရေးကို**
(အကုန်မယူနှင့် မသုံးနှင့်) မြင်သမျှ အချောင်လိုက်လျှင်
**ရင်ဝကို အပါယ်၄-ပါး, ဒါးမြှောင် စိုက်ခံရမည်**
**သတိနှင့်ခံစားပါလေ**

ကိုယ့်ကိုယ့်ကို **အရိယာတွေ** မသုံးတဲ့ **အသုဘ**
ခန္ဓာကိုယ်မှန်းသိအောင် မြင်အောင်ကြိုးစားရှု
အသုဘခန္ဓာ မြင်မှ, သံသရာဝဋ် တဏှာညွတ်မှ,
လွတ်ထွက်ရာအမှန်, ပြည်နိဗ္ဗာန်ရောက်မည်။
**(သဲအင်းဂူဆရာတော်ဘုရားကြီး၏ ဩဝါဒ)**

နေ့စဉ်အားထုတ်ကြသူများ အဓိဋ္ဌာန်အရ
မိမိကြိုက်နှစ်သက်ရာ နာရီပိုင်းဖြင့်
အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များ
(ဝါတွင်းဥပုသ်နေ့များ)
အချိန်— နေ့(၁)နာရီမှ အစပြုသည်။
ဌာန — မိုးညှင်းကျောင်းဘုရားဝင်း သာသနာမြေ
ဆိတ်ငြိမ်ရပ်ကွက်။ (အရိယာမ ᠁ ရုံကြီးတွင်)

**သက်တမ်း (၁) ရက်နှင့် နှစ် (၁၀၀)**
အသက်တရာရှည်ပြီး ခန္ဓာ ၅-ပါး ရုပ်နာမ်မကွဲလျှင်
(လားရာဂတိမသိလျှင်)
**သက်ဆိုးရှည်**
လူ့ပြည်တရက်သာနေပြီး၊ (သစ္စာ ၄-ပါးမြင်၍၊
**ခန္ဓာကိုယ်တွေ့ တရားသိလျှင် သက်ကောင်းရှည်။**